တပေါ်စ တေ မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၈)

ပြည်တွင်း ဆီစားသုံးမှု၏ ၅၀ ရာခိုင်နှုန်း မကွေးတိုင်းက ဖြည့်ဆည်းပေး

- ☆ ပြည်တွင်း ဆီစားသုံးမှု၏ ၅၀ရာခိုင်နှုန်းကို မကွေးတိုင်းက ဖြည့်ဆည်းပေးရန် ပံ့ပိုးနေ။
- ☆ မကွေးတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် မျှော်မှန်းချက် ထားရှိဆောင်ရွက်။
- ☆ ပြည်တွင်းစားသုံးဆီ ဖူလုံသည်နှင့်အမျှ ပြည်ပမှ စားသုံးဆီဝယ်ယူတင်သွင်း ရမှုကို လျှော့ချနိုင်က ပိုလျှံလာသော နိုင်ငံခြားငွေကြေးဖြင့် နိုင်ငံ့အကျိုးပြု ပစ္စည်းကိရိယာများ တိုးတက်တင်သွင်းလာနိုင်။

ပြည်သူ့အကျိုး ကူညီပံ့ပိုး ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်သူများ၏ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူ စီမံခန့်ခွဲမှုအား၊ စေတနာအား၊ ဝီရိယအားစုစည်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက် နိုင်ငံတော်အစိုးရ၏ အကျိုးရလဒ်ကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းသည်ထက်ဖြစ်ထွန်းလာအောင် ဝီရိယစိုက်ထုတ်ကြိုးစား

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းလိုက်ပါလျက် ဩဂုတ် ၁၄ ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် တောင်တွင်းကြီးမြို့နယ် ဗိသနိုးမြို့ဟောင်းမှ တောင်တွင်းကြီးမြို့သို့ရောက်ရှိလာကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ်၁၄ ရက်က တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်

၁၅-၈-၂၀၀၆

မင်္ဂလာဒုံ	ဝ ဒသမ ၅၉ လက်မ
ကမ္ဘာအေး	၁ ဒသမ ၁၀ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၁၀ လက်မ

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

✻ "အပြည်ပြည်ဆိုင်ရာ ဥပဒေနှုန်းစံများကို ဆန့်ကျင်၍လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၏ တရားဥပဒေများနှင့် ဆန့်ကျင်၍လည်းကောင်း၊ နောက်ဆုံးလူ့အခွင့်အရေးဟူသော ဉာဏ်တထောက်ထားသင့်သည့် အကြောင်းခြင်းရာများကိုပင် လျစ်လျူရှု၍လည်းကောင်း အမေရိကန်တို့က ၎င်းတို့ဖမ်းဆီးထားသူများကို ညှဉ်းပန်းနှိပ်စက် စစ်ဆေးခဲ့ကြသည်။ ထိုသို့ ညှဉ်းပန်းနှိပ်စက် စစ်ဆေးရေးနည်းများကို အမေရိကန်အာဏာပိုင်အားလုံးလိုလိုက လိုလိုလားလားလက်ခံခဲ့ကြသည့်သဘော သက်ရောက်သည်ဟု ဖော်ပြထားသည်"

ဆောင်းပါးရှင်တစ်ဦး၏ "အမေရိကန်တန်ဖိုး (American Values) နှင့် နှုန်းစံများ (Norms) ဟူသည်" ဘာသာပြန်ဆောင်းပါး စာ-၃

✻ "ယခုအခါ ဇီဝလောင်စာ ဂက်စီဖိုင်ယာ၏ အကျိုးကျေးဇူးကို ဒေသခံပြည်သူတွေ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြပြီ။ ဒေသခံပြည်သူတွေ ဂက်စီဖိုင်ယာကို ကြိုက်နှစ်သက်ကြသည်။"

သီရိတင်(သစ်တော)၏ "သစ်တောများမပျက်စီး မပြုန်းတီးရေး" ဆောင်းပါး စာ-၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

ဝန်ထမ်းများ၊ ပြည်သူများနှင့် အသင်းအဖွဲ့များစုပေါင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး တစ်စိတ်တစ်ဝမ်းတည်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများအပါအဝင် ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဌာနအလိုက်ထားရှိရမည့် ရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးသည် ပြည်သူများ၏အကျိုး ဖော်ဆောင်ပေးရေးဟူသည့် တူညီသောရည်မှန်းချက်ဖြင့် အချင်းချင်းအပြန်အလှန် ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၁၃ ရက်က မကွေးတိုင်း သရက်မြို့ သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားရာတွင်–

"စုပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့၏ အုပ်ချုပ်ရေးယန္တရားကို အစဉ်အမြဲ သွက်လက်ထက်မြက်စေပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားတို့ကို စည်းရုံးရယူလျက် ဒေသဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း"

ပြောကြားသွားသည်။

ပြည်သူ့အကျိုးကို ဖော်ဆောင်ပြီး ပြည်သူများကို အထောက်အကူပြု ပံ့ပိုးပေးခြင်းသည် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေခြင်းပင်ဖြစ်သည်။ ဌာနဆိုင်ရာများနှင့် ပြည်သူများသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာ၏အား၊ ပြည်သူများ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏ အားတို့ကို ညီညွတ်စွာပေါင်းစည်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည့် အချိန်အခါဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် မကွေးတိုင်းတွင် ဆေးရုံနှင့်ကျောင်းများအပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ထူးထူးခြားခြား ဖန်တီးပေးထားသည်။ သက်ဆိုင်ရာကဏ္ဍမှ တာဝန်ရှိသူများကလည်း နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများကို တန်ဖိုးရှိရှိ ထိုက်တန်စွာ အသုံးချပြီး ပြည်သူများအားထားရသည့် လုပ်ငန်းများဖြစ်စေရန် စေတနာရှေ့ထား ကြိုးစားကြရမည်ဖြစ်သည်။

မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ရိုးသားကြိုးစားမှု၊ စေတနာကောင်းထားရှိမှုတို့အပေါ်တွင် အဓိကတည်မှီနေပေသည်။ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအချင်းချင်းသော်လည်းကောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် ကော်မတီအချင်းချင်းသော်လည်းကောင်း ညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အထူးသဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ် ချမှတ်ထားရာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူများက ကျေးလက်အထိ ကွင်းဆင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏စွမ်းအားကို ထိရောက်စွာအသုံးချပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးကြရန်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ မိမိတို့၏ မြို့နယ်နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းအားမာန်ဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

ဩဂုတ် ၁၃ ရက်က ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် စမ်းချောင်းမြို့နယ် မူလတန်းကျောင်း အမှတ်(၁၀)တွင် အာဟာရဒါနအဖြစ် ပေါင်မုန့်နို့ဆမ်းတိုက်ကျွေးရာ အလှူရှင် ဦးနေမျိုးနိုင်–ဒေါ်အေးအေးမြင့်၊ သားမောင်မျိုး သူရနိုင် Grade 2 (ပထမတန်း) (နိုင်ကြီးမိသားစု)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူနှင့် တာဝန်ခံ ဆရာမများက ကျောင်းသူကျောင်းသားများအား ကြီးကြပ်ကျွေးမွေးစဉ်။ (၁၂၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

သာကေတမြို့နယ် တံခွန်တိုင်တောရကျောင်းတိုက် ဦးစီးပဓာနနာယက အောင်စေတီဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရ၏ (၇၅)နှစ်ပြည့် ဝိဇာတမင်္ဂလာ အခမ်းအနားကို ဩဂုတ်၁၀ရက်က ကျင်းပရာ ပင့်သံဃာများနှင့် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရအား ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပညာ့အလင်းကျေးလက်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၁၅

ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောင်း ကုန်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်က ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် ကျောင်းကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်၊ စာစောင်များ လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၆–၈–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Cast Accounting (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၂၆)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်က လှုပ်ရှားစားသမား"** (အပိုင်း–၃၀)ဇာတ်သိမ်း

အမေရိကန်တန်ဖိုး (American Values) နှင့် နှုန်းစံများ (Norms) ဟူသည် 'လုပ်သမျှ ဟုတ်သလေ၊ တရားမျှတသည်' ဟူသောကောက်ချက် (End justify means)သို့ ဦးတည်သည့် နိုင်ငံခြားရေးဝါဒအဖြစ် တဖြည်းဖြည်းကျရောက်နေပြီလော

၁၇–၇–၂၀၀၄ ရက် (စနေနေ့)ထုတ် ထိုင်းနိုင်ငံ The Nation သတင်းစာ စာမျက်နှာ 11-A တွင် What Others Say ကဏ္ဍ၌ အမေရိကန်နိုင်ငံမှ The Washinton Post သတင်းစာ၏အာဘော် The CIA's Prisoners ကို ဖော်ပြထားပါသည်။ အဆိုပါဖော်ပြချက်ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဆယ်စုနှစ်များစွာကပင် အမေရိကန်ပြည်ထောင်စုသည် ၎င်းက မလိုလားသော အစိုးရအဖွဲ့အစည်းပုဂ္ဂိုလ်များကို ၎င်း၏ရန်သူများအဖြစ် သတ်မှတ်ထားရှိပြီး ယင်းတို့သည် သက်ဦးဆံပိုင်များ၊ အာဏာရှင်များ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ချိုးဖျက်နေသူများဟု တစ်ဖက်သတ် သတ်မှတ်ဖော်ဆောင်ကာ ပစ်မှတ်အဖြစ် ညွှန်ပြလျက် ကမ္ဘာသို့ ကြေညာသည်။ ထိုမျှနှင့်မက သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးစင်မြင့်ထက်မှ ဆွဲချပြီး ကမ္ဘာ့မြင်ကွင်းတွင် လူဆိုးစာရင်းသွတ်သွင်းလေသည်။ ၎င်းတို့၏ရန်သူများဟု သတ်မှတ်ထားသူများကို ကမ္ဘာ့ရန်သူအဖြစ်လည်း ထောက်ပြ၍ အရေးယူဆောင်ရွက်မှုများ၊ ဖမ်းဆီးချုပ်နှောင်ထားရှိမှုများ၊ တရားဥပဒေရှေ့မှောက် ပို့ဆောင်မှုများ ပြုလုပ်သည်။

သို့ပင်ဖြစ်ငြားလည်း အမေရိကန်နိုင်ငံခြားရေးဝါဒ၏ အဆိုပါ သားကောင်များအပေါ် အမေရိကန်က မည်သို့ ဆက်ဆံသည်၊ မည်သည့်အရပ်ဒေသတွင် မည်ကဲ့သို့ ချုပ်နှောင်ထားရှိသည်တို့ကိုမူ သက်ဆိုင်ရာ မိသားစုများအား အသိပေးအကြောင်းကြားခြင်းအလျှင်းမရှိ၊ ကမ္ဘာသိထုတ်ပြန်ကြေညာခြင်းလည်းမပြု၊ ယုတ်စွအဆုံး အဆိုပါ အကျဉ်းသားတို့၏ အခြေအနေသည် 'ကျန်းမာပကတိ လုံခြုံစွာရှိပါ၏'ဟူသော ယေဘုယျကျကျ အသိပေးအကြောင်းကြားသင့်သည့် သဘောလောက်မျှကိုပင် ထုတ်မပြောတော့ချေ။ ဤအခြေအနေ အရပ်ရပ်၏ ညွှန်ပြချက်ကပင်လျှင် ဘုရှ်အစိုးရ၏ နိုင်ငံခြားရေးဝါဒ အနှစ်သာရ မည်ပေတော့သည်။

ICRC (International Committee of Red Cross) အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၏ အဆိုအရ အမေရိကန်ပြည်ထောင်စုအစိုးရက ဖမ်းဆီးထိန်းသိမ်းထားရှိသည့် သိသာမြင်သာသည့် အကျဉ်းသားအရေအတွက်တို့ကား များပြားလှကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ အကြောင်းအကျိုးကိုသော်မှ ရှင်းပြခြင်းငှာ မစွမ်းနိုင်သည့် အခြေအနေ၌ ရှိသည်ဟု ဆိုလေသည်။ အမေရိကန်အစိုးရ ဖမ်းဆီးထိန်းသိမ်းထားရှိသော အကျဉ်းသားအရေအတွက် အများစုကို အမေရိကန်နိုင်ငံပြင်ပရှိ CIA လျှို့ဝှက်အကျဉ်းစခန်းများ၌ ထားရှိကြောင်း သိရလေသည်။


WHAT OTHERS SAY

The CIA's prisoners

The Washington Post

WASHINGTON, DC – For decades the United States led the denunciation of despots whose enemies "disappear" – vanish into official custody, with no accounting for their whereabouts or treatment, no notification of their families and sometimes, no acknowledgment that they are being held. Now that same term is being applied to prisoners held by the Bush administration in the war on terrorism. According to the International Red Cross, a number of people apparently in US custody are unaccounted for. Most are believed to be held by the CIA in secret facilities outside the United States. Contrary to the Geneva Conventions, the detainees have never been visited by the Red Cross; contrary to US and international law, some reportedly have been subjected to interrogation techniques that most legal authorities regard as torture. According to the independent group Human Rights Watch, this exceptional practice is "perhaps unprecedented in US history".

networks and plans for attacks – and no one suggests that they have been murdered, like many of the "disappeared" in other countries. But some of these men have been held incommunicado since before April 2002, or long past the time when urgent questioning or strict seclusion might have been necessary. Yet still the administration refuses to reveal where they are or allow visits by the Red Cross – something the United States often has advocated for prisoners elsewhere in the world, including other terrorists. The White House reportedly has exempted the CIA's prisoners from the reviews that have been granted to detainees held at the Guantanamo Bay, Cuba, prison. And it has not disclosed the interrogation techniques approved for use by the CIA, though it has released those for Guantanamo.

What is known, mostly through leaks to the media, is that several of the CIA's detainees probably have been tortured – and that a controversial Justice Department opinion defending the abuse was written after the fact to justify the activity.

The Pentagon and Congress are investigating the army's handling of foreign detainees, though they are slow and inadequate, these probes contrast with the almost complete absence of scrutiny of the CIA's activity. This failure of oversight must

အမေရိကန်တို့ ဖမ်းဆီးချုပ်နှောင်ထားသည့် အကျဉ်းသားများထံသို့ ကြက်ခြေနီအသင်းအဖွဲ့များ မည်သည့်အခါကမျှ သွားရောက်တွေ့ဆုံခွင့် မရရှိခဲ့ကြသည်ကိုလည်း လေ့လာသိရှိရသည်။ ဤအချက်သည် ဂျီနီဗာသဘောတူညီချက်နှင့် ဆန့်ကျင်ဖီလာဖြစ်နေပေသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှုန်းစံများကို ဆန့်ကျင်၍လည်းကောင်း၊ အမေရိကန် ပြည်ထောင်စု၏ တရားဥပဒေများနှင့် ဆန့်ကျင်၍လည်းကောင်း နောက်ဆုံး လူ့အခွင့်အရေးဟူသော ညာတာထောက်ထားသင့်သည့်အကြောင်းခြင်းရာများကိုပင် လျစ်လျူရှု၍လည်းကောင်း အမေရိကန်တို့က ၎င်းတို့ဖမ်းဆီးထားသူများကို ညှဉ်းပန်းနှိပ်စက်စစ်ဆေးခဲ့ကြသည်။ ထိုသို့ ညှဉ်းပန်းနှိပ်စက်စစ်ဆေးရေးနည်းများကို အမေရိကန်အာဏာပိုင် အားလုံးလိုလိုက လိုလိုလားလား လက်ခံခဲ့သည့်သဘော သက်ရောက်သည်ဟု ဖော်ပြထားသည်။ Human Rights Watch ခေါ် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က 'ဤဖြစ်စဉ်ဖြစ်ရပ်များသည် အမေရိကန်နိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် မကြုံစဖူး ထူးထူးကဲကဲဖြစ်ပေသည်'ဟု ကောက်ချက်ချယူရသည်အထိ ဖြစ်ခဲ့လေသည်။

CIA အကျဉ်းစခန်းများရှိ အကျဉ်းသားများထဲတွင် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင် အနည်းဆုံး တစ်ဒါဇင်မျှပင်ရှိသည်ဟု ဆိုသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်ဖြစ်ရပ်၏ ကြိုးကိုင် Khalid Sheikh Mohammed နှင့် အယ်လ်ခိုင်ဒါအဖွဲ့၏ စစ်ဆင်ရေးမှူး Abu Zubaida တို့လည်း ပါဝင်ကြောင်းသိရသည်။ ၎င်းတို့သည် အန္တရာယ်ကြီးမားသူများဖြစ်ကြောင်း၊ အယ်လ်ခိုင်ဒါကွန်ရက်အကြောင်းကို ယင်းတို့ထံမှ စစ်ဆေးရယူနိုင်ကြောင်း အမေရိကန်တို့က ဆိုသည်။ သို့သော်ဖမ်းဆီးထိန်းသိမ်းထားချိန် ကြာမြင့်ပြီဖြစ်၍ အယ်လ်ခိုင်ဒါအဖွဲ့၏ အကြမ်းဖက်လုပ်ငန်းစဉ်များကို ဖော်ထုတ်စစ်ကြောရန် လိုအပ်နေသေး၍ ဆက်လက်ထိန်းသိမ်းထားရှိသလောဟု

ခေါင်းပေါင်းရှင်တစ်ဦး

စောကြောဝေဖန်ရန် လိုအပ်နေပြီဖြစ်သည်။ ထိုမျှမက ၎င်းအကျဉ်းသားများ လူ့လောက၌ ရှိမှရှိသေးရဲ့လားဟု စုံစမ်းမေးမြန်းသင့်ပေပြီ။ အဘယ့်ကြောင့်ဆိုလျှင် အမေရိကန်နိုင်ငံပြင်ပရှိ CIA အကျဉ်းစခန်းများတွင် ရှေးယခင်က ဖြစ်ခဲ့ရှိခဲ့ဖူးသည့် လူ့လောကမှ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားကြရသော သားကောင်များ၏ အဖြစ်ဆိုးများ ရှိခဲ့ဖူးသောကြောင့်ဖြစ်ပေသည်။ သို့သော် မည်သူကမျှ လူသားအကျိုးပြုရှုထောင့်မှ အဖြေမရှာကြသေးချေ။ ၂၀၀၂ ခုနှစ် ဧပြီလမတိုင်မီကပင် အဖမ်းခံရသူအချို့ဆိုလျှင် ယနေ့ကာလတိုင်အောင် ပြင်ပကမ္ဘာနှင့် အဆက်ပြတ်ခဲ့ပြီဖြစ်သည်။ အချို့အဖမ်းခံထားရသူထံမှ အမေရိကန်အစိုးရ ရယူလိုသည့် သတင်းအချက်အလက်များရယူရန် စစ်ဆေးရမည့် အချိန်ကား လိုအပ်သည်ထက်ပင်ပိုခဲ့ချေပြီ။ သို့ဖြစ်၍ ယင်းတို့အား အမေရိကန်တို့အနေဖြင့် ဆက်ပြီးဖမ်းဆီးထားရန် လိုအပ်ပေသေးသလော စသည်ဖြင့် ဝေဖန်ဆန်းစစ်ရန် အကြောင်းများစွာ ရှိနေချေပြီ။

ယခုအချိန်တိုင်အောင်ပင် အဆိုပါ အကျဉ်းသားများ ဘယ်မှာရှိနေသည်ကို ဘုရှ်အစိုးရကဖော်ပြရန် ငြင်းဆိုဆဲပင် ဖြစ်လေသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့်လည်း တွေ့ဆုံခွင့်မပေးခဲ့ပေ။ အမေရိကန်တို့ကမူ "အကြမ်းဖက်ဝါဒီများ အပါအဝင် အကျဉ်းသားများသည် ကမ္ဘာလောက၏ တစ်နေရာရာမှာတော့ရှိနေပါသည်"ဟူသောဆင်ခြေကို ပေး၍ ဆင်ဝှေ့ရန်ရှောင် လုပ်လျက်ပင်ရှိသည်။

အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်နှင့် ကွန်ဂရက်လွှတ်တော်တို့အနေဖြင့် အဆိုပါ နိုင်ငံခြားသား အကျဉ်းသားများ အပေါ် ကိုင်တွယ်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဤစုံစမ်းစစ်ဆေးမှုကလည်း ပက်ကျိလမ်းလျှောက်သလို နှေးကွေးလှပေသည်။ ပြည့်စုံလုံလောက်မှုလည်းမရှိ စသည်ဖြင့် CIA ၏ လုပ်ဆောင်မှုများအပေါ် လုံးလုံးလျားလျား လျစ်လျူရှုထားခြင်းကတစ်ဖက်၊ ပင်တဂွန်နှင့် ကွန်ဂရက်တို့၏ စုံစမ်းစစ်ဆေးမှုကတစ်ဖက် ချိန်စက်၍ စဉ်းစားတွေးတောဖွယ်ရာ အများအပြား ရှိလေသည်။ ဤပျက်ယွင်းချွတ်ချော်မှုမျိုးကို ပြုပြင်ပြောင်းလဲရမည် ဖြစ်ပေသည်။

သမ္မတအိမ်ဖြူတော်က ကျူးဘားနိုင်ငံ ဂွါတာနာမိုရှိ ပင်လယ်အော်ရှိ CIA အကျဉ်းစခန်းတွင်ထားရှိသော အကျဉ်းသားများနှင့် ပတ်သက်၍ အကျဉ်းစခန်းတာဝန်ခံများကို အထူးလုပ်ပိုင်ခွင့်ပေးထားသည်ဟု သိရလေသည်။ ဤသို့အားဖြင့် ဂွါတာနာမိုရှိ အကျဉ်းသားများသည် မည်သူတွေ ဖြစ်သည်ဟု ဝန်ခံသည့်တိုင် CIA ၏ လုပ်ဆောင်မှုများ၊ စစ်ဆေးရေးနည်းလမ်းများနှင့် စပ်လျဉ်း၍မူကား တစ်လုံးတစ်ပါဒမျှမပြောဘဲ ရေငုံနှုတ်ပိတ်နေလေသည်။

များသောအားဖြင့် မီဒီယာများမှတစ်ဆင့် သတင်းပေါက်ကြားချက်များအရ သိရှိရသည်မှာ စီအိုင်အေက ဖမ်းဆီးချုပ်နှောင်ထားသည့် အကျဉ်းသားအချို့မှာ ညှဉ်းပန်းနှိပ်စက်ခံရသည့် အနေအထားတွင်ရှိသည်။ ယင်းညှဉ်းပန်းနှိပ်စက်မှုများအပေါ် အမေရိကန်တရားရေးဝန်ကြီးဌာန၏သဘောထားတွင်မူ ထိုသို့ ညှဉ်းပန်းနှိပ်စက်မှုသည် လျော်ကန်သင့်မြတ်သော ဆောင်ရွက်ချက်ဖြစ်သည်ဟု အကာအကွယ်ပေး ဖော်ပြထားပြန်သည်။

အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်နှင့် ကွန်ဂရက်လွှတ်တော်တို့အနေဖြင့် အဆိုပါ နိုင်ငံခြားသား အကျဉ်းသားများ အပေါ် ကိုင်တွယ်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဤစုံစမ်းစစ်ဆေးမှုကလည်း ပက်ကျိလမ်းလျှောက်သလို နှေးကွေးလှပေသည်။ ပြည့်စုံလုံလောက်မှုလည်းမရှိ စသည်ဖြင့် CIA ၏ လုပ်ဆောင်မှုများအပေါ် လုံးလုံးလျားလျား လျစ်လျူရှုထားခြင်းကတစ်ဖက်၊ ပင်တဂွန်နှင့်ကွန်ဂရက်တို့၏စုံစမ်းစစ်ဆေးမှုကတစ်ဖက် ချိန်စက်၍ စဉ်းစားတွေးတောဖွယ်ရာ အများအပြားရှိလေသည်။ ဤပျက်ယွင်းချွတ်ချော်မှုမျိုးကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပေသည်။

အမေရိကန်ပြည်ထောင်စုသည် စစ်ပွဲတစ်ရပ်ကိုဆင်နွှဲနေရသည်ကား မှန်၏။ သို့သော် တိကျရေရာမှုမရှိဘဲ အကျဉ်းသားများအား ယခုကဲ့သို့ လျှို့ဝှက်ကိုင်တွယ်ထားရှိမှုအပေါ် လက်ခံနိုင်ဖွယ်မရှိချေ။ လူသားဝါဒရပ်တည်ချက်ရှုထောင့်အပါအဝင် မည်သည့်ရှုထောင့်မှဖြစ်စေ မည်သို့မျှလက်ခံနိုင်ဖွယ်မရှိသော်လည်း အမေရိကန်ကမူ ပြည်ပ၏ သုံးသပ်ချက်ကို လက်မခံချေ။

သို့ဖြစ်သည့်အားလျော်စွာ အထက်ပါအကြောင်းခြင်းရာ အခြေအနေအရပ်ရပ်အပေါ် ခြုံငုံသုံးသပ်ခြင်းအားဖြင့် ကွန်ဂရက်လွှတ်တော်သည်လည်းကောင်း၊ အမေရိကန်တရားရုံးများသည်လည်းကောင်း အမှန်တရားအတွက် ရပ်တည် ဖော်ထုတ်ကြရပေလိမ့်မည်။ သို့မှလည်း လူကြားကောင်းအောင် ဟစ်ကြွေးနေသော အမေရိကန်တန်ဖိုးနှုန်းစံများ (Fundamental American Values) ဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ဖောက်ဖျက်ကျူးလွန်မှုများအား စနစ်တကျ ဖော်ထုတ်စီစစ်ကြရမည်ဖြစ်သည်။ ။

အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း အယ်လ်အန်ဘာ၌ ပျက်ကျ
မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၃

ဘဂ္ဂဒက်အနောက်ဘက် အယ်လ်အန်ဘာပြည်နယ်တွင် ဗုဒ္ဓဟူးနေ့ညပိုင်း၌ စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ကြာသပတေးနေ့၌ ပြောကြားသည်။

စုံစမ်းစစ်ဆေး

ဗုဒ္ဓဟူးနေ့ည၌ ရဟတ်ယာဉ်ပျက်ကျချိန်တွင် လုံခြုံရေးနှင့်တည်ငြိမ်ရေးအတွက် စစ်ဆင်မှုကို ထိုရဟတ်ယာဉ်က အထောက်အကူပေးနေခဲ့သည်ဟု ဆိုသည်။ ထိုသို့ ရဟတ်ယာဉ် ပျက်ကျရာ၌ အခြားတပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းကို လောလောဆယ်၌ စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖလော်ရီဒါ၌ လူထုသဘောထားကောက်ယူ ကယ်ရီက ဘုရှ်အား ၄၇-၄၁ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေ

တော်လာဟက်စ်ဆီး(ဖလော်ရီဒါ) ဩဂုတ် ၁၃

ဖလော်ရီဒါပြည်နယ်တွင် မှတ်ပုံတင်မဲဆန္ဒရှင်များ အတွင်း သဘောထားဆန္ဒ ကောက်ယူကြည့်ရာတွင် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက သမ္မတဘုရှ် အား ၄၇ – ၄၁ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေကြောင်း ကြာသပတေးနေ့ကထုတ်ပြန်သည့် လူထုသဘောထား ကောက်ယူချက်အရ သိရသည်။

အသီးသီးပေး

လွန်ခဲ့သည့် သီတင်းပတ်တွင် ကွန်နက်တီကတ် အခြေစိုက်ကွန်နီပက် တက္ကသိုလ်မဲဆန္ဒကောက်ယူရေး ဌာနက ပြုလုပ်ခဲ့သည့် သဘောထားဆန္ဒကောက်ယူမှုတွင် ဖလော်ရီဒါမှတ်ပုံတင် မဲဆန္ဒရှင် ၁၀၉၂၃က ကယ်ရီအား ၄၉ ရာခိုင်နှုန်းနှင့် ဘုရှ်အား ၄၂ရာခိုင်နှုန်း အသီးသီး ပေးခဲ့ကြသည်။

ဦးဆောင်

အလားတူ သဘောထားဆန္ဒမဲကောက်ယူမှုကို ဒီမို ကရက်တစ်ညီလာခံ မကျင်းပမီ ဇွန်လကုန်ပိုင်း၌ ပြုလုပ်ခဲ့ ရာတွင် ဘုရှ်နှင့်ကယ်ရီတို့ ၄၃ရာခိုင်နှုန်းချင်း တိုက်နေခဲ့ ကြသည်။ ထို့နောက်ပိုင်း၌ ကယ်ရီသည် လွတ်လပ်သော မဲဆန္ဒရှင်များအတွက် ဘုရှ်ကို ၁၂မှတ် ဦးဆောင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့ဝင်များအား ခုခံရေးသမားတို့ တိုက်ခိုက်မှု အရှိန်မြင့်

နာဂျက်ဖ် ဩဂုတ် ၁၂

အီရတ် တိုက်ခိုက်ရေးသမားများ နှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများသည် နေ့စဉ်ဖြစ်ပွားလျက် ရှိပြီး လက်နက်ကိုင် တိုက်ခိုက်ရေး သမားများသည် အီရတ်ရှိမြို့ခုနစ်မြို့ တွင် နေရာယူထားရာ အီရတ်အစိုးရ အဖွဲ့သည် တိုက်ခိုက်မှုများ မြင့်တက် မှုနှင့် ကြုံတွေ့နေရသည်။

တိုက်ခိုက်

ကယ်ကွတ်မြို့လယ်တွင် အီရတ် တိုက်ခိုက်ရေးသမားများသည် ရဲစခန်း ကို တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ပြီး နာဂျက်ဖ် မြို့တွင်လည်း အမေရိကန်တပ်ဖွဲ့ဝင် များသည် ခုခံတိုက်ခိုက်ရေးသမား များကို ချေမှုန်းရန် ကြိုးပမ်းချက်ရှိ သလို ဆာဒါသစ္စာခံတပ်ဖွဲ့ဝင်များက လည်း လက်မလျှော့စတမ်း တိုက်ခိုက် လျက်ရှိသည်။

ဝန်ကြီးချုပ် အာလာဝီသည် ရာထူးရရှိပြီးနောက် အကြီးမားဆုံး ပြဿနာနှင့် ရင်ဆိုင်နေရပြီး အမေ ရိကန်တပ်ဖွဲ့၏ အကူအညီကို ရယူခဲ့ ခြင်းကြောင့် ပြည်သူများက မကျေ မနပ်ဖြစ်လျက်ရှိသည်။ နာဆာရီယား တွင် အီရတ်များ စုစည်း၍ အာလာဝီ ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

(စီအက်ဖ်အိုင်)

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူများက အမေရိကန်တို့အား ခုခံတိုက်ခိုက်နေသော အယ်လ်ဆာဒါအား ထောက်ခံကြောင်း ကြွေးကြော် ဆန္ဒပြနေသည်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဩဂုတ်၁၃ရက်အထိ အီရတ်၌သေဆုံးသောကန်တပ်ဖွဲ့ဝင် ၉၃၀ ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်၁၃ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၉၃၀ ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

ယင်းအနက် ၆၉၂ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှု ရှိခဲ့ရာ ဗြိတိသျှ ၆၃ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန် မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၉၂ဖြစ်ပြီး ယင်းအနက် ၅၈၃ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၉ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက် ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

နာဂျက်ဖ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဆိုမှု မှန်ကန်ခြင်းမရှိကြောင်း ဖိလစ်ပိုင်အစိုးရ ငြင်းဆို

မနီလာ ဩဂုတ် ၁၂

အီရတ်သို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ မကြာမီစေလွှတ်မည်ဆိုသော သတင်းမှာ မမှန်ကြောင်း ဖိလစ်ပိုင်အစိုးရက ဗုဒ္ဓဟူးနေ့၌ ငြင်းဆိုလိုက်သည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် ဖိလစ်ပိုင်၏ အခန်းကဏ္ဍ အသေးစိတ်ကို ဆွေးနွေးရန်မှာ အလွန်အချိန်စောသေးကြောင်း ကြေညာချက်၌ သမ္မတပြောရေး ဆိုခွင့်ရှိသူ အစ်နာစီယိုဘန်ယီက ပြောကြားထားသည်။

ရည်ညွှန်း

ထိုကိစ္စအတွက် ကုလသမဂ္ဂထံမှ တရားဝင်မေတ္တာရပ်ခံချက်ကို မိမိတို့ ယခုထိလက်ခံမရ ရှိသေးကြောင်း အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ဖိလစ်ပိုင်နိုင်ငံ ပါဝင်ဆောင် ရွက်မှု၏ အတိုင်းအတာပမာဏကို ရည်ညွှန်းကာ ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် နောက်ထပ် လူသားချင်းစာနာသည့်တပ်ဖွဲ့ကို အီရတ်သို့ ပို့လွှတ်ဖွယ် ရှိသော်လည်း ကုလသမဂ္ဂ၏ ကမကထပြုမှုအောက်တွင်သာ ပို့မည်ဖြစ်ကြောင်း၊ အီရတ်အမြဲ တမ်း အစိုးရအဖွဲ့အစည်းထူထောင်ရန်အတွက် ဇန်နဝါရီလ၌ ရွေးကောက်ပွဲများကျင်းပပြီး နောက်မှသာ ပို့လွှတ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒီလီယာအယ်လ်ဘတ်က သတင်းထောက်များအား အင်္ဂါနေ့က ပြောကြားသည်။

ချိန်ဆ

မိမိတို့ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် မည်သို့ပါဝင်ဆောင်ရွက်ရမည်ကို လေ့လာ ရန် မိမိတို့ဘက်က ပြင်ဆင်လျက်ရှိကြောင်း အယ်လ်ဘတ်က ပြောကြားသည်။ ထိုသို့ ဆိုသော်လည်း အီရတ်သို့ နောက်ထပ် ဖိလစ်ပိုင်လူသားချင်းစာနာသည့် တပ်ဖွဲ့လွှတ်ရေး အလား အလာမှာ ချိန်ဆလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပိသနိုးမြို့ဟောင်းရွှေရောင်တော်စေတီရွှေထီးတော်နှင့်စိန်ဖူးတော်တင်လှူ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်တင်လှူပူဇော်

ရန်ကုန်　ဩဂုတ်　၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းလိုက်ပါလျက် ဩဂုတ် ၁၄ ရက် နံနက်ရနာရီတွင် မကွေးမြို့မှတစ်ဆင့် တောင်တွင်းကြီးမြို့နယ် ပိသနိုးမြို့ဟောင်း ရွှေရောင်တော်စေတီတော်သို့ ရောက်ရှိကြသည်။



စိန်ဖူးတော်တင်လှူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၄ရက်က တောင်တွင်းကြီးမြို့နယ် ပိသနိုးမြို့ဟောင်းရှိ ရွှေရောင်တော် စေတီတော်အား စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်ပိသနိုးမြို့ဟောင်းရှိ ပန်ထွာဘုရင်မကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေရောင်တော်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊စစ်ဦးစီးအရာရှိချုပ် (ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ဒေသခံပြည်သူများနှင့် ဘုရားဖူးများတက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက်သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက ဒေဝနိမန္တနဂါထာကိုဖတ်ကြား၍ နတ်ဖြပ်မှာများကို ဖိတ်ကြားသည်။

ကိုးပါးသီလခံယူ

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ရွှေရောင်တော် ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကိုယူဆောင်၍ စေတီတော်ပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေရောင်တော်စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက်ပဓာနနာယကဆရာတော်ဆောင် ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏက ရေစက်ချ အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အစီအစဉ်ပထမပိုင်းကိုရုပ်သိမ်းလိုက်သည်။ ထို့နောက် ရွှေရောင်တော်စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

လှည့်လည်ပူဇော်

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်တို့ကို

တောင်တွင်းကြီးမြို့နယ် ပိသနိုးမြို့ဟောင်း ရွှေရောင်တော်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေရောင်တော်စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဒ္ဒန္တဝိစိတ္တဉာဏအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးများက ထီးတော်ဘုံဆင့်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်နှင့်သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဗဟိုသံဃာ့ဝန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များသည် စေတီတော် အာရုံခံတန်ဆောင်းအတွင်းမှ ပင့်ဆောင်ကြ ပြီး ရွှေရောင်တော်စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ တောင်တွင်းကြီးမြို့နယ် ပိသနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ပျူခေတ်ယဉ်ကျေးမှုလက်ရာများကို ဩဂုတ် ၁၄ ရက်က ကြည့်ရှုစဉ်။ (သတင်းစဉ်)

16-8 (05).p65 1 03/24/1905, 6:46 PM

စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်တို့ကို တိုကြားကုသိုလ်ဖြစ်ထီးတော်တင်မိသားစု၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ ရွှေရောင်တော်စေတီတော်တွင် တင်လှူပူဇော်ရန် ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ ပင့်ဆောင်ပူဇော်နေစဉ် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဇာတ်မင်းသား မောင်နန်းဝင်းက တောင်တွင်းကြီးမြို့နယ် သဘင်အစည်းအရုံး မင်္ဂလာရွှေဆိုင်းတော်နှင့် တွဲဖက်၍ စည်တော်သံ မင်္ဂလာရတုများဖြင့် ကျူးရင့်တီးခတ် ပူဇော်ကြသည်။

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များနှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ငြမ်းအထက်သို့ တက်ရောက်ပြီး ရွှေရောင်တော်စေတီအား စိန်ဖူးတော် တင်လှူပူဇော်သည်။

ယင်းနောက် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်သည်။

ယင်းနောက် ဆရာတော်သံဃာတော်များ ဦးဆောင်၍ ပရိသတ်တို့က ဇယမင်္ဂလာဗောဓိယာမူလေအစချီသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ တိုကြားဦးသန်းလှက သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေသည်။

ယင်းနောက် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက နတ်ဖြုပ္ဗာများကို ပြန်လည် ပို့ဆောင်သည်။

အနေကဇာတင်

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကို အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ရွှေရောင်တော် စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗိဿနိုးမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနပြတိုက် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဗိဿနိုးမြို့ဟောင်း ရှေးဟောင်းပြတိုက်၏ တည်နေရာ၊ ပြတိုက်အဆောက်အအုံ၏ ဗိသုကာပုံစံ၊ ပြတိုက်၌ ရှေးဟောင်းပစ္စည်းများခင်းကျင်းပြသရန် စီစဉ်ထားမှု၊ ပြတိုက်နှင့် ဆက်စပ်ဆောင်ရွက်မည့် လမ်းလုပ်ငန်း၊ လျှပ်စစ်မီးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗိဿနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ပျူခေတ်ယဉ်ကျေးမှု ငွေဒင်္ဂါးများ၊ ပုတီးစေ့များ၊ မြေအိုးများ၊ အိုးခြမ်းကွဲများ၊ အိုးနှုတ်ခမ်းရုပ်ကြွငှက်ရုပ်ပါမြေအိုး၊ ရုပ်ကြွငှက်ရုပ်ပါမြေအိုးအဖုံးစသည့် ပျူခေတ်အနုပညာလက်ရာပစ္စည်းများကို ကြည့်ရှုသည်။ **(သတင်းစဉ်)**

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှလေ့လာရေးအဖွဲ့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၅

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Lt. Gen. Tariq Waseem Ghazi ခေါင်းဆောင်သော လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံတွင်လေ့လာရန်အတွက် ယနေ့နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Muhammad Nawaz Chaudhry နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာရေးအဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ကို သွားရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၃)ကို ယနေ့ (တနင်္လာနေ့) ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် အေသင်အိုလံပစ်အားကစားပွဲတော်၊ အမေရိကန်ကို ခြိမ်းခြောက်လာပြန်သည့် အယ်လ်ခိုင်ဒါ၊အီဂျစ်နိုင်ငံအကြောင်း သိကောင်းစရာ၊ အမေရိကန်တပ်များ အရှေ့တောင်အာရှတွင် ရှိနေမှု၊ စီအိုင်အေညွှန်မှူးသစ်၊ ဗင်နီဇွဲလားနိုင်ငံ၏ အခြေအနေ၊ အိုကလာဟိုးမား ဗုံးကွဲမှု ပြစ်ဒဏ်ချမှတ်၊ ကမ္ဘာကျော် လွမ်းမောဖွယ် 'တာ့ဂျ်မဟာ'၊ အမေရိကန်အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးရာထူးတီထွင်ရေး ဘုရှ်ထောက်ခံ၊ နိုင်ငံတကာဟာသ၊ နာဂျက်ဖ်ရှိ ရှီးယိုက်ခုခံရေးသမားများ၊ ဒီမိုကရေစီနှင့် အလှမ်းဝေးနေသော အီရတ်၊ ပေါက်ကွဲသွားသော ပုဂ္ဂလိကအာကာသယာဉ်၊ စိုးရိမ်ရေမှတ်ထက် တက်နေသော တိဘက်ရေအိုင်ကြီး၊ အမွေးထူလူသား၊ တူရကီမီးရထား မတော်တဆမှု၊ ရေနံဈေး နှင့် ကမ္ဘာ့စီးပွားရေး၊ အာဖဂန်စစ်ဘုရင်များ၏ အန္တရာယ်၊ အမေရိကန်ရွေးကောက်ပွဲ အကြိုကာလ အယ်လ်ခိုင်ဒါ ခြေလှမ်းများ၊ အတ္တလန်တိတ် သမုဒ္ဒရာဖြတ်ဆက်ဆံရေး အကြောင်းသစ် စသည့်သတင်းများနှင့် သတင်းဆောင်းပါးများကိုဝေဝေဆာဆာ ဖော်ပြထားသည်။ **(မြန်မာ့အလင်း)**



ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၁၄ ရက်က တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်း ရွှေရောင်တော်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၅

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ရှစ်စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် သိသိသာသာ ပြောင်းလဲခြင်းမရှိဘဲ ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ် နေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ်၁၆ရက်ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေး တိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် အထိမ်းအမှတ် ဆန်စပါးပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး စာပေ၊ပိုစတာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေး လုပ်ငန်းကော်မတီ၏ စာပေပြိုင်ပွဲနှင့် ဆွေးနွေးပွဲကျင်းပရေး ဆပ်ကော်မတီက ဆန်စပါးပညာရှင်နှင့် ဆန်စပါးလုပ်ငန်းရှင်ကြီးများနှင့် မြန်မာ့ရုပ်သံ တွေ့ဆုံဆွေးနွေးခန်းကို ထုတ်လွှင့်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် လုပ်ငန်းအဖွဲ့ငယ်များ အလိုက် စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတို့ကိုလည်း ကျင်းပပေးမည်ဖြစ်သည်။

စာစီစာကုံးနှင့်ဉာဏ်စမ်းပဟေဠိ

စာစီစာကုံးပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများ ပါဝင်ပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အထက်တန်းအဆင့် ပါဝင်မည်ဖြစ်ပြီး ဉာဏ်စမ်းပဟေဠိယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်သံမှ လွှင့်ထုတ်သွားရန် စီစဉ်ထားသည်။

ဆောင်းပါး

ဆောင်းပါးပြိုင်ပွဲတွင် အလွတ်တန်းအဆင့်ပြိုင်ပွဲကို ကျင်းပပေးမည်ဖြစ်ပြီး **"ဘဝအတွက် ဆန်သည်အသက်"** ဟူသော ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ နှင့် ၅၀၀၀ ကြားရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဆောင်းပါးများကို ဦးမောင်မောင်လေး (ဒုတိယအထွေထွေမန်နေဂျာ)မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးစေတီလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့်အတူ ၂၀၀၄ ခုနှစ် ဩဂုတ်၃၁ရက် အရောက် ပေးပို့ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပိုစတာ

ပိုစတာပြိုင်ပွဲတွင် အလွတ်တန်းနှင့် အသက်၂၀နှစ်နှင့်အထက်၊ အသက် ၂၀နှစ်နှင့်အောက် အတန်းများ ပါဝင်မည်ဖြစ်သည်။

ရည်ညွှန်းစာစောင်

ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မည့်သူများအတွက် လေ့လာရန် စာအုပ်စာစောင်များအဖြစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးကျော်မြင့်ရေးသားသော မြန်မာနိုင်ငံ ဆန်စပါးတိုးတက်စိုက်ပျိုးထုတ်လုပ်ရေး စာအုပ်တွင် ပါဝင်သည့် အထူးအထွက်တိုး၊ စပါးစိုက်ပျိုးရေးနှင့် ၂၀၀၄ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လထုတ်သတင်းစာပါ ဆောင်းပါးများ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ လယ်ယာစီးပွားသတင်းဂျာနယ်ပါ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှင့် အထူးထုတ် အချပ်ပိုပါ ဆောင်းပါးနှင့် သိမှတ်စရာများကို သတ်မှတ်ပေးထားသည်။

လေ့လာနိုင်

လယ်ယာစီးပွားသတင်းကို ဖတ်ရှုလေ့လာလိုသူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးရုံးများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရုံးများတွင် ဆက်သွယ်လေ့လာနိုင်ကြသည်ဟု သိရသည်။

ဆက်သွယ်နိုင်

ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး တယ်လီဖုန်း ၆၆၆၀၂၃ နှင့် ၆၆၆၃၅၀ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်နှင့် တာဝန်ရှိသူတို့က အောင်မင်းအောင်စေတီ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်မင်းအောင်စေတီကို ရှေးမူလက်ရာမပျက် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင်ပြုပြင်မွမ်းမံ ထိန်းသိမ်းတည်ဆောက်ရေး မှာကြားပြီး အောင်မင်းအောင်စေတီ ဘက်စုံပြုပြင်မွမ်းမံမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ဝတ္တကနယ်မြေရှိ ရှင်ဥပဂုတ္တကန်တော် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

လုပ်ငန်းပြီးစီးမှုတင်ပြ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ SPA Co., Ltd.မှ ဦးစိုးမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် (လျှပ်စစ်) ဦးအောင်သိန်းနှင့် တာဝန်ရှိသူတို့က ရှင်ဥပဂုတ္တ ကန်တော် စိမ်းလန်းစိုပြည်ရေးအတွက် မြေကြီးမြေသားဖို့ခြင်း အမာခံလုပ်ငန်းနှင့် ကန်တူးဖော်ခြင်းလုပ်ငန်း၊ ကန်ပတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ အာရုံဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ ကန်ပေါင်လမ်းတစ်လျှောက် အလှဆင် ကျောက်ပြားကပ်ခြင်း လုပ်ငန်း၊ ရေပေးရေးလုပ်ငန်းနှင့် ရေပန်း အလှဆင်ခြင်းလုပ်ငန်း၊ ကန်ပတ်လည် မြက်ချပ်ကပ်စိုက်ပျိုးခြင်း လုပ်ငန်း၊ နတ်လမ်းတံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရှင်ဥပဂုတ္တ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးနှင့် မီးအလှပန်းများ တပ်ဆင်ခြင်းလုပ်ငန်းနှင့် ရှင်ဥပဂုတ္တ ကန်တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ထာဝရပန်းဒါန စိုက်ပျိုးလှူဒါန်းမှု လုပ်ငန်းများစသည့် လုပ်ငန်းကဏ္ဍကြီး (၁၀)ရပ်ခွဲခြားကာ ကဏ္ဍတစ်ခုချင်းအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းများပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားပြီး ရှင်ဥပဂုတ္တ

ကန်တော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရှင်ဥပဂုတ္တ ကျောင်းဆောင် တည်ဆောက်နေမှု၊ နတ်လမ်းတံတားအသစ် တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး ရှေးဦးစွာ ရွှေတိဂုံစေတီတော်အထက် ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းထားမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာသို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လိုအပ်သည်များကို မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မြန်မာကွန်ဗင်းရှင်းစင်တာ တည်ဆောက်ပြီးစီးနေမှုနှင့် အဆင့်မြင့် မွမ်းမံမှုလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး မွန်းလွဲပိုင်းတွင် မြန်မာကွန်ဗင်းရှင်း စင်တာမှ ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ဝတ္တကနယ်မြေရှိ ရှင်ဥပဂုတ္တကန်တော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ရှင်ဥပဂုတ္တကျောင်းဆောင် တည်ဆောက်မှုနှင့် နတ်လမ်းတံတားအသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၄ခုနှစ်အောက်တိုဘာလ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများ စစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့်ကြားကာလများတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ ရောင်းချခြင်း၊ ပြည်ပ တင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့် ဂျီတီစီစနစ် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း၊ ဌာနများနှင့်ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ဩဂုတ် ၁ရက် မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၁၄-၈-၂၀၀၄

သံတွဲမြို့	၇ ဒသမ ၃၂	လက်မ
ခန္ဓီးမြို့	၄ ဒသမ ၂၅	လက်မ
ပူတာအိုမြို့	၄ ဒသမ ၂၁	လက်မ



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၁၄ရက်က တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတောင်စေတီတော်ဘက်စုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

ပြည်ပဝင်ငွေ တိုးတက်ရရှိနိုင်မည့် ဈေးကွက်ဝင်အမယ်သစ်များ တိုးမြှင့်စိုက်ပျိုး နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်

* ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဘက်စုံမွမ်းမံမှုတင်ပြ

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလှူငွေရရှိမှု၊ သုံးစွဲမှုအခြေအနေကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရွှေအင်းတောင်စေတီတော်၊ ရတနာပင်စည်စေတီတော်၊ ရွှေမော်ဓောစေတီတော်၊ ရွှေရောင်တော်စေတီတော်နှင့် ပုံပြစေတီတော်များ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်နေမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းစက်ရုံ(ဆင်တဲ)မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းအေးက ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်ကြီး၏ အခြေခံအုတ်မြစ်လုပ်ငန်း၊ ပထမ၊ ဒုတိယနှင့်တတိယ ပစ္စယာလုပ်ငန်းများပြီးစီးနေမှုအပါအဝင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရွှေအင်းတောင်စေတီတော်၊ ရတနာပင်စည်စေတီတော်၊ ရွှေမော်ဓောစေတီတော်၊ ရွှေရောင်တော်စေတီတော်နှင့် ပုံပြစေတီတော်များ၏ ကြံ့ခိုင်မှုအခြေအနေ၊ စေတီများ အရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ဆောင်ရွက်နေသော ဘက်စုံလုပ်ငန်းများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၏ ဘက်စုံလုပ်ငန်းအတွက် မကွေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၈၆၃၆၇၀၊ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁၁၀၀၀၀၊ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေ ၈၈၃၀၈၅၇ ကျပ်၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေ ၁၁၁၃၉၄၀၁ ကျပ်၊ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၂၈၆၅၀၀၊ တောင်တွင်းကြီးမြို့နယ်ပြည်သူများက ငွေ၈၉၉၉၅၇၈ ကျပ်၊ ဗိုလ်မှူးချုပ်မြင့်ဇော်၊ ဒေါ်အေးအေးဝင်းတို့က ငွေကျပ် ၁၀ သိန်း၊ ဦးတင့်ဆွေ–ဒေါ်ဌေးဌေးဝင်း၊ သမီး မအိမွန်ဆွေ၊ သား မောင်ထွန်းလင်းဆွေ မိသားစု(ရန်ကုန်မြို့)က စနေထောင့် အရံစေတီတစ်ဆူအတွက် ငွေကျပ်ကိုးသိန်း၊ ဦးသီဟအောင်–ဒေါ်ဇင်မေအေး၊ သမီး မလဝန်းရွှန်းလက် မိသားစု(တောင်တွင်းကြီးမြို့)က သောကြာထောင့် အရံစေတီတစ်ဆူအတွက် ငွေကျပ် ကိုးသိန်း၊ မိခင်ကြီး ဒေါ်စန်းစန်းအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီးဝင်းဆွေ၊ ဇနီး ဒေါ်ခင်ဝင်းနိုင်မိသားစုက ငွေကျပ် ၁၄၀၀၀၀၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန(ရုံးချုပ်)အထက်မြန်မာပြည်မှ ငွေကျပ် ၁၁၀၀၀၀၀၊ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင်(Asia Brave Trading Ltd.)သမီး မစုရတနာထွေးက ငွေကျပ် တစ်သိန်း၊ ဦးမြတ်လွင်–ဒေါ်မြတ်မြတ်စိုး မိသားစု(မြတ်သပြေကုမ္ပဏီ) ရန်ကုန်မြို့က ကြာသပတေးထောင့် အရံစေတီတစ်ဆူအတွက် ငွေကျပ်ကိုးသိန်း၊ နဝကမ္မ အလှူငွေကျပ်ငါးသောင်း၊ ကွယ်လွန်သူ ဦးမောင်မောင်ညွန့် (ဘူမိဗေဒအရာရှိ)အား ရည်စူး၍ ဇနီး ဒေါ်ခင်ဆွေယုနှင့်သားသမီး၊ မြေးတစ်စုက ငွေကျပ် ၁၀ သိန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ငွေကျပ် သိန်း ၅၀၊ ရန်ကုန်မြို့မှ လုပ်ငန်းရှင်များက ငွေကျပ် သိန်း ၁၀၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၆၁၃၂၀၀၆၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော် ပထမပစ္စယာမှ တတိယပစ္စယာအထိ ပြုပြင်တည်ဆောက်ပြီးစီးနေမှု၊ စတုတ္ထပစ္စယာလုပ်ငန်းများ စတင်နေမှုကို ကြည့်ရှုကြသည်။

ဘက်စုံမွမ်းမံမှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတောင်ဘုရားအားသွားရောက် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဘက်စုံပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှကြိုင်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ရာသီဥတုအခြေအနေ၊ မြေသယံဇာတအခြေအနေ၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်တွင်းကြီးမြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

တောင်တွင်းကြီးမြို့နယ်ဖွံ့ဖြိုး

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောလုပ်ငန်း၊ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တောင်တွင်းကြီးမြို့နယ်သို့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ မကြာခဏရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့မှုကြောင့် တောင်တွင်းကြီးမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိသည်ကို တွေ့ရကြောင်း။

တောင်တွင်းကြီးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းနေပြီး စီးပွားရေးအသင့်အတင့် ကောင်းမွန်သည့် မြို့နယ်ဟု ဆိုနိုင်ကြောင်း။

သီးထပ်သီးညှပ်စိုက်နိုင်

နိုင်ငံတော်အစိုးရက မကွေးတိုင်း ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံပေါင်း မြောက်မြားစွာ တည်ဆောက်ပေးခဲ့ရာ၌ ဆည်မြောင်းတာတမံ ခြောက်ခုခန့်က ဆည်ရေကို တောင်တွင်းကြီးအနေဖြင့် ရရှိခံစားနေရသဖြင့် မြို့နယ်အတွက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာသည်ကို တွေ့နိုင်ကြောင်း။

ဤကဲ့သို့ ဆည်ရေ အထောက်အကူ အများအပြားရရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလျက် မြို့နယ်၏ စီးပွားရေးအခြေအနေ တိုးတက် ကောင်းမွန်လာခြင်းမှာ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဆောင်ရွက်ပေးမှုများ၏ အကျိုးရလဒ်ကောင်းများပင် ဖြစ်ကြောင်း။

ဝီရိယစိုက်ဆောင်ရွက်

သို့ဖြစ်၍ တောင်တွင်းကြီးမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားကြီးများကလည်း နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများ အခွင့်အလမ်းကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချပြီး မိမိတို့ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းသည်ထက် တိုးတက်အောင်မြင်ဖြစ်ထွန်းစေရအောင် ဝီရိယစိုက်ထုတ်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ဒေသအတွင်း ဝမ်းစာဖူလုံပြည့်စုံစေရေးကို ရည်မှန်းချက်အတိုင်း စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်ကြရင်း မိမိတို့ဒေသအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ဆီထွက်သီးနှံများစိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့်မြှင့်တင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အားပေးကူညီ

နိုင်ငံတော်အစိုးရအနေဖြင့် မကွေးတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်စေရမည်ဆိုသည့် မြင့်မားသည့်မျှော်မှန်းချက်ထားရှိပြီး ပြည်တွင်းဆီစားသုံးမှု၏ ၅၀ရာခိုင်နှုန်းကို မကွေးတိုင်းက ဖြည့်ဆည်းပေးနိုင်စေရန် မျှော်မှန်းလျက် လိုအပ်သည်များ ပံ့ပိုးအားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်း၌ စားသုံးဆီဖူလုံပြည့်စုံသည်နှင့်အမျှ ပြည်ပမှစားသုံးဆီဝယ်ယူတင်သွင်းနေရမှုကို လျှော့ချနိုင်ကာ ပိုလျှံလာသော နိုင်ငံခြားငွေကြေးဖြင့် စက်မှုနိုင်ငံတော်ကြီးထူထောင်ရေးအတွက် အထောက်အကူပြုနိုင်သော စက်ပစ္စည်းကိရိယာများ၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးကို အထောက်အကူပြုနိုင်သော မြစ်ကူးတံတားကြီးများ၊ ရထားစက်ခေါင်းတွဲကြီးများ စသည့် နိုင်ငံ့အကျိုးပြု ပစ္စည်းကိရိယာများကို တိုးတက် တင်သွင်းလာနိုင်မှာဖြစ်ကြောင်း။

ဆီထွက်သီးနှံတိုးချဲ့

သို့ဖြစ်၍ တောင်တွင်းကြီးမြို့နယ်အပါအဝင် မကွေးတိုင်းအတွင်းမှ တောင်သူလယ်သမားကြီးများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးကို တစ်ဖက်တစ်လမ်းက အထောက်

အကျိုးဖြစ်စေမည့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မလျှော့သောလုံ့လဖြင့် အားထုတ်ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့၏အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံအချို့သည် စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကို ပြည်ပ ဈေးကွက်သို့ တင်ပို့ပြီး နိုင်ငံ၏စီးပွားရေးကို တည်ဆောက်အောင်မြင်နေသည်ကို တွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတော်သည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဝင်ငွေ တိုးတက်ရရှိနိုင်သည်အထိ ဈေးကွက်ဝင်အမယ်သစ်(အမည်သစ်)များ တိုးမြှင့်စိုက်ပျိုးရင်း နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း၊ မေထုန်မဲ့သားဖောက်ပေးခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုသက်သက်မျှဖြင့် ကျေနပ်တင်းတိမ်မနေဘဲ တစ်မြို့လျှင် မွေးမြူရေးလုပ်ငန်းတစ်ခုအတွက် စံပြမွေးမြူရေးခြံတစ်ခြံ ထူထောင်ပြီး မျိုးကောင်းမျိုးသန့်များ မွေးမြူဖြန့်ဖြူးခြင်း၊ မွေးမြူရေးနည်းစနစ်များပေးဝေခြင်းအားဖြင့် စီးပွားဖြစ်ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းများ မိမိတို့မြို့နယ်အတွင်း ဖြစ်ထွန်းလာစေရအောင် နည်းပေးလမ်းပြ အားပေးကူညီကြဖို့ မှာကြားလိုကြောင်း။

လက်တွဲပူးပေါင်း

အထူးသဖြင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးစသည့် ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်စေမည့် လုပ်ငန်းများ ဖြစ်ထွန်းလာစေရအောင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ပြည်သူများ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

လက်တွေ့ကျကျဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် အဆင့်အလိုက်စီမံချက်များချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့လည်း လိုအပ်ကြောင်း။



တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

(သတင်းစဉ်)

ရည်မှန်းဆောင်ရွက်

စိုက်ပျိုးရေ ရရှိရေးအပြင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေတွင်းရေကန်များ အနည်းဆုံး တစ်ရွာလျှင်တစ်တွင်း သို့မဟုတ် တစ်ကန်ကျ ရှိစေရမည်ဟု စည်ပင်သာယာရေးကဏ္ဍက ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်း သဘောထားကို အခြေခံအဖြစ်ထားရှိပြီး ရွာတစ်ရွာလျှင် ရေတွင်း တစ်တွင်းမက သန့်ရှင်းသောသောက်သုံးရေ လုံလောက်သည်အထိ ရည်မှန်းလျက် တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့ မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေးအခြေခံများကို ကျေးလက်များကို အခြေခံလျက် တိုးမြှင့်ဖြည့်ဆည်းပေးလျက် ရှိနေကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရအောင်၊ ကျေးလက်ဒေသများ၏ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများ တိုးတက်မြင့်မားလာစေရအောင် ဒေသတွင်းရှိ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏အား၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို စည်းရုံးရယူလျက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ရပ်ရွာ၊ မိမိတို့မြို့နယ် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ပူးပေါင်းပါဝင်လာမည်

မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများအကျိုး လိုလားစွာဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ပြည်သူများ၏ယုံကြည်အားထားမှု၊ ပူးပေါင်း ပါဝင်မှုတို့ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူ့အကျိုး ကူညီပံ့ပိုး ဖြည့်ဆည်းပေးခြင်းအားဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး စေတနာ့ဝန်ထမ်း လူမှုရေး အဖွဲ့အစည်းများ၏စွမ်းအားဖြင့် ပေါင်းစပ်ကာ မိမိတို့ဌာနဆိုင်ရာများ၏ စီမံခန့်ခွဲမှုအား၊ စေတနာအား၊ ဝီရိယအားတို့ဖြင့် တစည်းတလုံးတည်းဖြစ်စေလျက် မိမိတို့ရပ်ရွာ၊ မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၄ရက်က တောင်တွင်းကြီးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်တွင်းကြီးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ပညာရေးငွေပဒေသာပင်နှင့်ကွန်ပျူတာလှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းသားကျောင်းသူဟောင်းများ၏ ပညာရေးငွေပဒေသာပင်နှင့် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကွန်ပျူတာအလှူရှင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းနွဲ့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပညာရေးငွေပဒေသာပင်အဖြစ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ကျောင်းသားဟောင်း ဦးသက်နိုင်က ငွေကျပ်ငါးသိန်းကို လည်းကောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်စိုးစိုးနွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်တို့အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ဖြူးမြို့ သာသနာ့ဗိမာန်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဖြူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သံဃာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တက်ရောက်လာသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ရေစက်ချ အမျှပေးဝေခြင်းတို့ ပြုလုပ်ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

16-8 (09).p65 1 03/24/1905, 6:46 PM

သစ်တောများမပျက်စီး မပြုန်းတီးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အလတ်စား ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ အတွက်

ဇီဝလောင်စာဂက်စီဖိုင်ယာများကို သုံးစွဲကြပါစို့

သီရိတင်
(သစ်တော)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ ၂၀၀၄ခုနှစ် ဇူလိုင်လ၃၀ ရက်နေ့တွင်တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူးဒူဗား၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိုဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားသည့် မိန့်ခွန်းထဲမှ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့နှင့် ပတ်သက်သည်တို့ကို ကောက်နုတ်တင်ပြရပါလျှင်– **"မြန်မာနိုင်ငံသည် စေတီပုထိုးပေါများရာ နိုင်ငံဟု ထင်ရှားသည့်အပြင် ကြွယ်ဝသည့်ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝကပေးအပ်ထားသည့် အပူပိုင်းသစ်တောကြီး**



မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာ စီမံကိန်းဝင်းအတွင်း တွေ့ရှိရသော ဂက်စီဖိုင်ယာပုံမြင်ကွင်း။

များ၊သာယာလှပသည့် ကမ်းခြေများနှင့် နှင်းများဖုံးလွှမ်းထားသည့် တောင်တန်းကြီးများ အစရှိသော ပတ်ဝန်းကျင်၏ သာယာလှပမှုများ၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းကဲ့သို့သော ကမ္ဘာကျော်ကြားသည့် ကျောက်မျက်ရတနာများ၊ လက်မှုပစ္စည်းများတို့ကြောင့်လည်း ခရီးသွားများအကြား ထင်ရှားလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။

"မိမိတို့ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်ပြီး ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူခဲ့သည့် ခြောက်နှစ်ကျော် ကာလအတွင်းတွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကျွမ်းကျင်သူ အစည်းအဝေးများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ထို့အပြင် လုပ်ငန်းဆိုင်ရာ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိပြီး စွမ်းအင်ကဏ္ဍကော်မတီအတွက် ကိုးကားရန်အချက်များ (တီအိုအာ)ကို အပြီးသတ် ပြုစုနိုင်ခဲ့ပါကြောင်း၊ ဤနေရာတွင် ပြောကြားလိုသည်မှာ စွမ်းအင်ကဏ္ဍတွင် ရရှိနေသည့် အောင်မြင်မှုများသည် ဘင်းမ်စတက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရရှိခဲ့သည်ဆိုသည့် အချက်ဖြစ်ပါကြောင်း" ဟူ၍ မိန့်ကြားခဲ့သည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ဒေသတွင်းခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေလုပ်ငန်း၊ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။ ထို့နောက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည် ပြုခဲ့ကြသည်။ ထိုကြေညာစာတမ်းတွင် အရေးကြီးသည့် အချက် (၁၂)ချက်ပါရှိသည်။ ထိုအချက်များထဲတွင်– **"မြန်မာနိုင်ငံတွင် ဇီဝဓာတ်ငွေ့အသုံးပြုရေး စက်ရုံတည်ဆောက်နိုင်ခဲ့ခြင်းအတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့တစ်ဆင့် အရှိန်အဟုန် တိုးမြှင့်၍ ဆောင်ရွက်သွားရန် "** ကတိကဝတ်ပြုကြသည်ဟူ၍ ဇီဝလောင်စာဂက်စီဖိုင်ယာနှင့် ပတ်သက်သည့် အချက်ကို "ဘင်းမ်စတက်" ကြေညာစာတမ်းတွင် ထည့်သွင်းမြွက်ကြားခဲ့သည်။

ဘင်းမ်စတက်ဆိုသည်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ (Bangladesh , India, Myanmar, Sri Lanka, Thailand Economic Cooperation)ကို အတိုကောက်အားဖြင့် ဘင်းမ်စတက် (BIMST-EC)ဟု ခေါ်ဝေါ်ခဲ့သည်။ ယခုအခါ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် ဘင်းမ်စတက် (ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်) (BIMST-EC- Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation)ဟု ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။ ဘင်းမ် စတက် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံတွင် ၂၀၀၁ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းပညာရှင်များအဖွဲ့ အစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ တင်ပြသည့်အဆိုပြုချက်များအပေါ်တွင် ဇီဝလောင်စာဂက်စီဖိုင်ယာ စနစ်ဖြင့် အသေးစားနှင့် အလတ်စား စက်ရုံများတည်ထောင်ခြင်း သရုပ်ပြစီမံကိန်းကို မြန်မာနိုင်ငံ၌ တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။

၂၀၀၁ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် ဘင်းမ်စတက် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေး၌ သစ်တောဦးစီးဌာနကို ဇီဝလောင်စာဂက်စီဖိုင်ယာ စီမံကိန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော မြန်မာနိုင်ငံအစိုးရအဖွဲ့ အစည်းအဝေးတို့မှ ဇီဝလောင်စာဂက်စီဖိုင်ယာ စီမံကိန်းကို ဆောင်ရွက်ရန်သဘောတူခွင့်ပြုခဲ့သည်။

၂၀၀၃ ခုနှစ် ဧပြီလထဲတွင် အိန္ဒိယနိုင်ငံ TERI မှ ပညာရှင်နှစ်ဦး မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းလျက် ၂၀၀၃ခုနှစ် ဧပြီလအတွင်း မြင်းခြံမြို့နယ်ရှိ စီမံကိန်းဧရိယာသို့ သွားရောက်၍ ရှေ့ပြေးလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန၌ Wrap-up-Meeting ပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ စွမ်းအင်စီမံရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် TERIမှ ပညာရှင်နှစ်ဦးတို့တက်ရောက်ခဲ့ကြပြီး အောက်ဖော်ပြပါ အချက်များကို သဘောတူညီခဲ့ကြသည်။

– **အိန္ဒိယနိုင်ငံ TERI မှ ၅၀၀၀၀ ကီလိုကယ်လိုရီ/နာရီအင်အားရှိ ဂက်စီဖိုင်ယာကို ဓာတ်ငွေ့ပိုက်လိုင်း၊ မီးဖိုနှင့် ဇီဝလောင်စာပြုပြင်စက်၊ ဖြတ်စက်တို့နှင့် အတူပေးရန်၊**
– **မြန်မာနိုင်ငံမှ မြင်းကောင်ရေ ဝဒသမ၅ရှိ လေမှုတ်စက် တစ်လုံးပံ့ပိုးရန်၊**
– **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံသစ်တောဦးစီးဌာနသည်–**

(က) မြေရှင်းလင်းခြင်း၊
(ခ) ဂက်စီဖိုင်ယာကို သင်္ဘောဆိပ်မှ စီမံကိန်းဧရိယာသို့ သယ်ပို့ခြင်း၊ တပ်ဆင်ခြင်းနှင့်
(ဂ) ဆေးပေါင်းဖို တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးရန်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ဇီဝလောင်စာဂက်စီဖိုင်ယာ စီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများချမှတ်ရေးဆွဲ၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ ထိုသုတေသန လုပ်ငန်းအတွက် ဗားဂျီနီးယား ဆေးပေါင်းရုံ တည်ဆောက်ခွင့်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနထံ ခွင့်ပြုချက်တောင်းခံခဲ့ပြီး အမြန်ပြီးစီးအောင် တည်ဆောက်ခဲ့သည်။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလဆန်းတွင် ဂက်စီဖိုင်ယာစက်နှင့် စက်ပစ္စည်းများကို အိန္ဒိယနိုင်ငံ Mumbai ဆိပ်ကမ်းမှ သင်္ဘောဖြင့် တင်ပို့ခဲ့ရာ ရန်ကုန်ဆိပ်ကမ်းသို့ ယခုနှစ်ဇန်နဝါရီလဆန်းတွင် ရောက်ရှိခဲ့ပြီး စီမံကိန်းဧရိယာ မြင်းခြံမြို့နယ် ကုက္ကဲရွာသို့ ဇန်နဝါရီလဒုတိယပတ်တွင် ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ TERIမှ ဂက်စီဖိုင်ယာစက်နှင့် စက်ပစ္စည်းများ တပ်ဆင်ရေးအတွက် ပညာရှင်တစ်ဦးသည် ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး စီမံကိန်းဧရိယာတွင် စက်ကိုစတင်တပ်ဆင်သည်။ အိန္ဒိယနိုင်ငံ (TERI) မှ နောက်ပညာရှင်တစ်ဦးသည် အဆိုပါ ဂက်စီဖိုင်ယာ စမ်းသပ်လည်ပတ်ရေးအတွက် ဖေဖော်ဝါရီလထဲတွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး သစ်တောဦးစီးဌာနမှတာဝန်ရှိသူများနှင့်အတူ စီမံကိန်းဧရိယာသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ဇီဝလောင်စာ ဂက်စီဖိုင်ယာ စက်ကို တပ်ဆင်ပြီး ဖြစ်သဖြင့် စမ်းသပ်လည်ပတ်ခဲ့သည်။

ဇီဝလောင်စာဆိုသည်မှာ လယ်ယာစွန့်ပစ်ပစ္စည်းများ ဖြစ်သည့် ပဲရိုး၊ နှမ်းရိုး၊ ဝါရိုး၊ ပဲစင်းငုံရိုးစသည်တို့ဖြစ်ပြီး ဂက်စီဖိုင်ယာဆိုသည်မှာ ထိုဇီဝလောင်စာများကို တစ်ပိုင်း တစ်စ လောင်ကျွမ်းစေ၍ ထိုမှမီးလောင်လွယ်သော ဓာတ်ငွေ့ကို ထုတ်ပေးသည့်စက်၊ သို့မဟုတ် ဖိုတစ်မျိုးဖြစ်သည်။ ထွက်လာသော ဓာတ်ငွေ့ကိုမီးရှို့၍ အပူစွမ်းအင်ကိုအသုံးချနိုင်သည်။ ထိုရရှိသောအပူချိန်သည် လောင်စာကိုတိုက်ရိုက်လောင်ကျွမ်းခြင်းမှရရှိသော အပူချိန်ထက်ပိုမို မြင့်မားသည်။ အပူချိန်ကိုလိုသလိုထိန်းနိုင်သည်။ လောင်စာများကို တစ်ပိုင်းတစ်စ လောင်ကျွမ်းစေသဖြင့် လောင်ကျွမ်းချိန်ပိုမိုကြာရှည်စေသောကြောင့် လောင်စာကိုတိုက်ရိုက် မီးလောင်စေခြင်းနှင့် နှိုင်းစာလျှင် လောင်စာလည်း ပိုမိုသက်သာစေသည်။ ထွက်ပေါ်လာသောဓာတ်ငွေ့ကိုအဆင့်ဆင့်သန့်စင် အအေးခံခြင်းဖြင့် သန့်စင်သော ဓာတ်ငွေ့ကိုရရှိပြီး ၎င်းဖြင့်အင်ဂျင် စက်များကို လည်ပတ်စေနိုင်သည်။ ထိုမှ လျှပ်စစ်ဓာတ်ထုတ်လုပ်သည်ထိ အဆင့်ဆင့်တိုးမြှင့်၍ ဆက်လက်ဆောင်ရွက်နိုင်သည်။ ယခုမြင်းခြံ ကုက္ကဲရွာရှိ ဂက်စီဖိုင်ယာသည် ဆေးရွက်ကြီးများကိုခြောက်သွေ့စေသော အပူစွမ်းအင် ထုတ်ပေးသည့် စက်သာဖြစ်သည်။

ဇီဝလောင်စာ ဂက်စီဖိုင်ယာ စက်ရုံဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် မတ်လ၃ရက် (ဗုဒ္ဓဟူးနေ့)နံနက်၉နာရီတွင် စတင်ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာ စီမံကိန်းဝင်းအတွင်း တွေ့ရှိရသော ဇီဝလောင်စာ ပဲစင်းငုံရိုးများ၏ မြင်ကွင်း။

ဇီဝလောင်စာဆိုသည်မှာ လယ်ယာစွန့်ပစ်ပစ္စည်းများ ဖြစ်သည့် ပဲရိုး၊ နှမ်းရိုး၊ ဝါရိုး၊ ပဲစင်းငုံရိုးစသည်တို့ဖြစ်ပြီး ဂက်စီဖိုင်ယာဆိုသည်မှာ ထိုဇီဝလောင်စာများကို တစ်ပိုင်း တစ်စ လောင်ကျွမ်းစေ၍ ထိုမှမီးလောင်လွယ်သော ဓာတ်ငွေ့ကို ထုတ်ပေးသည့်စက်၊ သို့မဟုတ် ဖိုတစ်မျိုးဖြစ်သည်။ ထွက်လာသော ဓာတ်ငွေ့ကိုမီးရှို့၍ အပူစွမ်းအင်ကို အသုံးချနိုင်သည်။ ထိုရရှိသော အပူချိန်သည် လောင်စာကို တိုက်ရိုက်လောင်ကျွမ်းခြင်းမှရရှိသောအပူချိန်ထက် ပိုမိုမြင့်မားသည်။ အပူချိန်ကို လိုသလိုထိန်းနိုင်သည်။ လောင်စာများကို တစ်ပိုင်းတစ်စလောင်ကျွမ်းစေသဖြင့် လောင်ကျွမ်းချိန်ပိုမိုကြာရှည်စေသော ကြောင့် လောင်စာကို တိုက်ရိုက်မီးလောင်စေခြင်းနှင့် နှိုင်းစာလျှင် လောင်စာလည်း ပိုမိုသက်သာစေသည်။ ထွက်ပေါ်လာသောဓာတ်ငွေ့ကိုအဆင့်ဆင့် သန့်စင်အအေးခံခြင်းဖြင့် သန့်စင်သော ဓာတ်ငွေ့ကိုရရှိပြီး ၎င်းဖြင့်အင်ဂျင် စက်များကို လည်ပတ်စေနိုင်သည်။



ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ စာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ မြောက်ဥက္ကလာပစက်မှုဇုန်မှ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာစာသင်တိုက်ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဓမ္မသာရ အမှူးပြုသော မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သြဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာစာသင်တိုက်ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာစာသင်တိုက်ပဓာန နာယကဆရာတော်ဘဒ္ဒန္တဓမ္မသာရအား အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲများကိုမိသားစုများကိုယ်စား တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က တောတိုက်ဓမ္မရိပ်သာစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးနှင့် သီလရှင်စာသင်တိုက်များမှ ပဓာနနာယက သီလရှင်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လည်းကောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ထွန်းက လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်မှ လှူဒါန်းသော ဆီနှင့် ဆပ်ပြာများကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဆားစက် လုပ်ငန်းရှင်များက လှူဒါန်းသော အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆားများကို မြန်မာ့ဆားလုပ်ငန်းမှ စက်ရုံမန်နေဂျာ ဦးနေဝင်းက လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသော တိုင်းရင်းဆေးများကို တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကလည်းကောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက ဆွမ်းဆန်တော်နှင့် တိုင်းရင်းဆေးများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

အတွင်းရေးမှူး(၂)လက်ခံ

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်တစ်သိန်းငါးသောင်း၊ KNကုမ္ပဏီမှ ဦးတင်ဝင်း–ဒေါ်စန်းဝင်းတို့က ငွေကျပ် သုံးသိန်း၊ ပြည်လုံးချမ်းသာဆေးတိုက်မှ သမားတော် ဦးဘိုကြီး–ဒေါ်သန်းသန်းတို့က ငွေကျပ်နှစ်သိန်းနှင့် ဘီတီဘီကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် တို့က ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော စန္ဒီပရဆေးမှ (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့က ငွေကျပ်၁၅၀၀၉၀၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေး လုပ်ငန်းမှ ဦးတင်အောင် – ဒေါ်လှလှနွယ်တို့က ငွေကျပ်၁၈၀၀၀၀၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သမ္မတသင်္ကန်းတိုက်မှ ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေ၊ မြင့်မြတ် စပါးစိုက်ပျိုးရေးလုပ်ငန်းမှ ဦးအောင်မွန်–ဒေါ်လှလှမော်၊ မှန်ချို ဆေးတိုက်မှ သမားတော်ဦးလှဌေး–ဆရာမဒေါ်တင်နွယ်ဦးနှင့် မင်္ဂလာဒုံဈေး ချိုစတိုးတို့က ငွေကျပ် တစ်သိန်းစီ၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်မှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်၈၀၀၀၀၊ ကေသီပန် တိုင်းရင်းဆေးလုပ်ငန်းမှ ဦးလှမြင့်၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေ – ဒေါ်သင်းသင်းဆွေ၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဦးတင့်အောင်နှင့် မြောက်ဥက္ကလာပမြို့နယ်မှ ဦးသန်းမောင်တို့က ငွေကျပ် ၅၀၀၀၀ စီ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ် ၄၅၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှနှင့် သီဟသုခမ္မသိင်္ဂီဒေါ်မြသိန်း၊ သားဦးရန်ရှင်း မိသားစုတို့က ငွေကျပ် ၃၀၀၀၀ စီနှင့် အဏ္ဏဝါမင်းဆားစက်မှ ဦးသန်းမောင် – ဒေါ်လှလှတို့က ငွေကျပ် ၁၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ် ပြည့်စုံ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုတို့က လက်ခံကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်ချအမျှဝေ

ဆက်လက်၍ ရွှေကျင်သာ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ဝိနယစာရက သာဓု အနုမောဒနာတရားတော် ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်

စာမျက်နှာ ၁၂ ကော်လံ ၁

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ပဲတို့ကို သီလရှင်ဆရာကြီးများထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ၁၀ ဆောင်းပါးမှ အဆက်

အိန္ဒိယနိုင်ငံ ပညာရှင်များ၊သစ်တောဦးစီးဌာနမှ အရာထမ်းများ၊ကျေးရွာ၊မြို့နယ်နှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗာဂျီးနီးယားဆေးလုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့သည်။ နံနက်၁၁နာရီတွင် ဂက်စီဖိုင်ယာစက်ကို စတင်မီးတို့ ဖွင့်လှစ်၍ သရုပ်ပြလည်ပတ်ခြင်းဖြင့် စက်ရုံကိုအောင်မြင်စွာဖွင့်လှစ်ခဲ့သည်။ ထင်းကို အသုံးမပြုဘဲ လယ်ယာစိုက်ပျိုး စွန့်ပစ်ပစ္စည်းဖြစ်သော ပဲစင်းငုံရိုးကို လောင်စာအဖြစ်အသုံးပြုသည့် ဂက်စီဖိုင်ယာလည်ပတ်နေပြီ။ ပဲစင်းငုံရိုးမှ အပူစွမ်းအင်တွေရပြီ။ ထင်းသုံးစရာမလိုတော့။ သစ်ပင်တွေအခုတ်မခံရတော့။ သစ်တောတွေ မပျက်စီး မပြုန်းတီးတော့။ သစ်ပင်တွေ သစ်တောတွေအတွက် ကယ်တင်ရှင် ဂက်စီဖိုင်ယာ ပေါ်ပေါက်လာပြီမို့ အလွန်ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ရပါသည်။

ဂက်စီဖိုင်ယာစက်ဖြင့် ဆေးရွက်ကြီးစမ်းသပ်အခြောက်ခံခြင်းကို ၃–၃–၂၀၀၄ ရက်နေ့တွင် ပထမအကြိမ်၊ ၁၃–၃–၂၀၀၄ရက်နေ့တွင် ဒုတိယအကြိမ်၊ ၂၁–၃–၂၀၀၄ ရက်နေ့တွင် တတိယအကြိမ် စမ်းသပ်ဆောင်ရွက်ခဲ့သည်။ ပထမနှင့်ဒုတိယအကြိမ်တို့တွင် အိန္ဒိယပညာရှင်ဖြင့် ပူးတွဲဆောင်ရွက်ခဲ့သည်။ တတိယအကြိမ်တွင် နိုင်ငံခြားသားမပါတော့ဘဲ မြန်မာများကိုယ်တိုင် မြင်းခြံခရိုင် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်လှိုင်ဦးစီး၍ ဆောင်ရွက်ခဲ့ကြသည်။ မူလနှစ်ကြိမ်ထက် အပူချိန်ပေးရသည့် အချိန်နာရီများစွာ လျော့နည်းခဲ့သည်။ ထို့ပြင် လောင်စာသုံးစွဲသည့် ပမာဏလျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ ဂက်စီဖိုင်ယာဖြင့် အခြောက်ခံပြီးရရှိသော ဆေးရွက်ကြီးသည် ဒေသဆေးပေါင်းဖိုမှ ထွက်ရှိသော ဆေးရွက်ကြီးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း၊ နည်းစနစ် ကောင်းသောကြောင့် လူသက်သာခြင်း၊ လောင်စာသုံးစွဲမှုပမာဏ လျော့နည်းခြင်း၊ ထင်းသုံးစွဲခြင်းမဟုတ်ဘဲ လယ်ယာစွန့်ပစ်ပစ္စည်းသုံးစွဲသည့်အတွက် သစ်ပင်၊ သစ်တောများ ပြုန်းတီးပျက်စီးမှုမှကင်းဝေးခြင်း၊ လိုအပ်သည့်အပူချိန်ကို ထိန်းချုပ်၍ရသည့်အတွက် အဆင့်အတန်းမြင့်သည့် ဆေးရွက်ကြီးရာခိုင်နှုန်းပိုမို ရနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိသည်။

ယခုအခါ ဇီဝလောင်စာဂက်စီဖိုင်ယာ၏ အကျိုးကျေးဇူးကို ဒေသခံပြည်သူတွေ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြပြီ။ ဒေသခံပြည်သူတွေ ဂက်စီဖိုင်ယာကို ကြိုက်နှစ်သက်ကြသည်။ ဒီဂက်စီဖိုင်ယာဖြင့် ရေတင်လိုသည်။ မီးထွန်းလိုသည်။ဘက်ထရီတွေအားသွင်းလိုသည်။ လေဖြည့်သည့်လုပ်ငန်း ဆောင်ရွက်လိုသည်။ ဆေးရိုးစင်းလိုသည်။ အုတ်ဖုတ်လိုသည်။ ညမှာစာကြည့်လိုသည်။ တီဗွီစလောင်းကြည့်ချင်သည်။ ကာရာအိုကေသီချင်း ဆိုချင်သည်စသည်ဖြင့် ဒေသခံပြည်သူတွေ ဂက်စီဖိုင်ယာကို သူတို့လိုအပ်ချက်တွေအတွက် ဘက်စုံအသုံးချချင်လာသည်။ စီမံကိန်း၏ ဒုတိယအချိန်ကာလကို မျှော်လင့်တောင့်တကြသည်။ ဒီကာလမှာ လျှပ်စစ်မီးရအောင်နှင့် ရေတင်နိုင်အောင် ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။ ကျေးလက်ပြည်သူများက နေ့အခါ ရေတင်၍ ညအခါ မီးထွန်းချင်ကြသည်။ ထို့ကြောင့် သြဂုတ်၁၆ရက်နှင့်၁၇ရက် ပုဂံညောင်ဦးမှာ ကျင်းပမည့် ဂက်စီဖိုင်ယာ အလုပ်ရုံဆွေးနွေးပွဲကို ဒေသခံပြည်သူတွေ မျှော်လင့်စောင့်စားနေကြသည်။ ဘင်းမ်စတက်အဖွဲ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုနေကြသည်။

ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လမ်းညွှန်မြွက်ကြားသည့်–

“ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝက ပေးအပ်ထားသည့် အပူပိုင်းသစ်တောကြီးများ ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်၊ ရှေ့သို့ တစ်ဆင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားရန်” ဆိုသည့် လမ်းညွှန်ချက်ကို နှလုံးသွင်းလျက်–

“သစ်တောများ မပျက်စီးမပြုန်းတီးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အလတ်စားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ဇီဝလောင်စာဂက်စီဖိုင်ယာများကို သုံးစွဲကြပါစို့”လို့ တိုက်တွန်းရင်း **“ပုဂံ”**တွင် ကျင်းပမည့် **“ဂက်စီဖိုင်ယာအလုပ်ရုံဆွေးနွေးပွဲ”**ကို လှိုက်လှဲဝမ်းသာ အားပါးတရကြိုဆိုလိုက်ပါသည်။ ။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်ထံ သံအမတ်ကြီးဦးစိုးဝင်းခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၁၆

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဩဂုတ် ၃ရက်တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်ဒိန်းဆေးဗီးယားကတ်ရိုက်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးကြည်သိန်းအား အီရန်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးကြည်သိန်းအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးအုန်းသွင်အား နိုင်ဂျီးရီးယားသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးအုန်းသွင်အား ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၁ မှ

အဖွဲ့ဝင်များ၊ ဒေ့ဒ်ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဓမ္မမာလာဝတ်အဖွဲ့က အရပ် ၁၀ မျက်နှာ မေတ္တာပို့ဖြင့် မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ယနေ့ ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၃၆၀၊ ဆီ ၁၃၈ ပိဿာ၊ ပဲ ၂၇၆ ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၁၃၈၀၊ သွားတိုက်ဆား ၂၇၆ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၃၅၃၀၊ ဆပ်ပြာအချောအတုံး ၁၃၈၀၊ ဆပ်ပြာအကြမ်းအတောင့် ၁၃၈၀နှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၂၁၆၃၀၉၀ ဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၆ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ရှိ ဓမ္မမေဒိနီ စာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ မြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တ ခေမိန္ဒထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော် ၄၈၉အိတ်၊ ဆီ ၁၉၅ပိဿာ ၆၀ကျပ်သား၊ အိုင်အိုဒင်းဆားပိဿာ ၁၉၅၀၊ ပဲ ၃၉၁ပိဿာနှင့် သွားတိုက်ဆားဘူး ၃၉၀တို့ကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်များနှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ အိုကေဆန်ရောင်းဝယ်ရေးလုပ်ငန်း ဦးငြိမ်း–ဒေါ်အုံးကြင်မိသားစု၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု၊ သမားတော် ဦးလှဌေး–ဆရာမဒေါ်တင်နွယ်ဦး မှန်ချိုဆေးတိုက်မိသားစု၊ ကေသီပန်တိုင်းရင်းဆေးလုပ်ငန်းမှ ဦးလှမြင့် မိသားစု၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေမိသားစု၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ စစဆေးတိုက်၊ SSI ဆေးတိုက်နှင့် ဦးအောင်ဇော်မြင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မြတ်သဇင်တိုင်းရင်းဆေးမိသားစုတို့က ဆွမ်းဆန်တော်၊ အိုင်အိုဒင်းဆား၊ သွားတိုက်ဆားဘူးနှင့် တိုင်းရင်းဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ပဲတို့ကို သီလရှင်ဆရာကြီးများထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ထို့နောက် စာသင်တိုက်များသို့ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းကြရာ အလှူရှင်များဖြစ်ကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက အလှူငွေကျပ် ၁၉၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၇၀၀၀၊ မြောက်ဥက္ကလာပစက်မှုဇုန်က ငွေကျပ် ခြောက်သိန်း၊ ဦးစံလင်း (Super Seven Stars Int., Trading Co., Ltd.)က ငွေကျပ် ငါးသိန်း၊ (Silver Shine Co., Ltd.) မှ ဦးဖေလှိုင်က ငွေကျပ် သုံးသိန်း၊ ဦးကျော်နိုင်ဦး နိုင်ဂရု(ပ်) ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်၊ ဦးအောင်မြတ် Mother Trading Co.,Ltd.တို့က ငွေကျပ် သုံးသိန်းစီ၊ KNကုမ္ပဏီဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်းမိသားစု၊ သမားတော် ဦးဘိုကြီး–ဒေါ်သန်းသန်းမိသားစု၊ ရွှေပေါက်ကံစက်မှုဇုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရွှေမင်းသားငံပြာရည်မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ စန္ဒီ ပရဆေးမိသားစုက ငွေကျပ်၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် မိသားစုက ငွေကျပ်၁၅၀၀၀၀၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးက ငွေကျပ် ၁၀၈၀၀၀၊ သမ္မတသက်န်းတိုက်မိသားစု၊ မှန်ချိုဆေးတိုက်မိသားစု၊ မြောက်ဥက္ကလာပမြို့နယ် ချမ်းမြေ့စတိုး၊ မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ ဦးတင့်ဆန်း ACE ဆောက်လုပ်ရေးမိသားစု၊ ဒေါက်တာဝင်းဇော်(Lizstar Enterprise Co.,Ltd.)၊ ဒေါက်တာမိုးတင်မိသားစု၊ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ(ကြည်သာရတနာရွှေဆိုင်၊ သဃ်န်းကျွန်းမြို့)၊ စိန်နှင့်ဆန်းကုမ္ပဏီ ဦးစိန်လှဝင်းမိသားစု၊ ပန်ဆန်းမော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးသန်းဇော်ထွေး၊ ဦးခင်ဇော် ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဦးမောင်မောင်–ဒေါ်စန်းစန်းအေးမိသားစု၊ ဦးအောင်မော်သိန်း(Gold Roast ကော်ဖီမစ်စက်ရုံ)မိသားစု၊ ဦးအောင်ကြည်မြင့်(မဟာတာယာရောင်းဝယ်ရေးမိသားစု)၊ ပစ်တိုင်းထောင်ဒန်အိုးစက်မိသားစုနှင့် ဦးအေးနှင့်သားများ သစ်ခွဲစက် ရွှေပေါက်ကံစက်မှုဇုန်တို့က ငွေကျပ်တစ်သိန်းစီ၊ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၈၈၀၀၀အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဓမ္မရောင်ခြည်စာသင်တိုက် ပဓာန နာယက ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ်မှ ဝတ်အသင်းအဖွဲ့ဝင်များက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၅၀၄အိတ်၊ ဆီ ၁၉၅ပိဿာ ၆၀ ကျပ်သား၊ ပဲ ၃၉၁ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၁၉၅၀၊ သွားတိုက်ဆားဘူး ၃၂၂၈ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၃၂၂၈ဘူး၊ ဆပ်ပြာတောင့် ၁၉၅၀နှင့် အလှူငွေကျပ် ၆၉၅၀၀၉၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုပ်စု(က)တောင်ကိုရီးယားနှင့်မာလီတို့အနိုင်ရ၊ ဂရိတို့ရှုံးပွဲကြုံ အုပ်စု(ဂ)၌အာဂျင်တီးနားနှင့်ဩစတြေးလျတို့ကွာတားတက်ရန်ဟန်ပြင်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၅

အေသင် အိုလံပစ်အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဩဂုတ် ၁၄ရက်က ကျင်းပခဲ့သော အုပ်စု(က) အုပ်စုဒုတိယပွဲစဉ်များတွင် တောင်ကိုရီးယားက မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မာလီက အိမ်ရှင်ဂရိကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကြပြီး အုပ်စု(ဂ) အုပ်စုဒုတိယပွဲစဉ်များ ဖြစ်သည့် ဆာဘီးယားနှင့် ဩစတြေးလျတို့ပွဲတွင် ဩစတြေးလျက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အာဂျင်တီးနားက တူနီးရှားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တောင်ကိုရီးယားနှင့် မက္ကဆီကိုအသင်းတို့ပွဲကို အေသင်မြို့ရှိ ကာရစ်ကာကီအားကစားကွင်း၌ ကျင်းပရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဒိန်းမတ်မှ လာဆင်ကလစ်ဘိုက ဆောင်ရွက်သည်။

တောင်ကိုရီးယားအသင်းသည် ပွဲစသည်နှင့် မက္ကဆီကိုအသင်းဘက်သို့ ထိုးဖောက်ကစားခဲ့သည်။

တောင်ကိုရီးယားတိုက်စစ်မှူးများ ဖြစ်သည့် ကင်ဂျောင်ဟို၊ ချိုကျာကျင်နှင့် ကင်ဒေါင်ဂျင်တို့ တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားရာ မက္ကဆီကို ခံစစ်မှူးများ မနားတမ်းဟန့်တားဖျက်ထုတ်နေရသည်။ ပွဲချိန် ၁၅မိနစ်တွင် တောင်ကိုရီးယားတိုက်စစ်မှူး ကင်ဂျောင်ဟိုက မက္ကဆီကိုနောက်ခံလူများ ဟန့်တားနေသည့်ကြားမှ မနားတမ်း ကန်သွင်းယူခဲ့သဖြင့် တောင်ကိုရီးယားတို့ အဖွင့်ဂိုးရရှိသွားသည်။

မက္ကဆီကိုတို့ ဂိုးပေးလိုက်ရသည်နှင့် ပြန်လည်တိုက်စစ်ဆင်ကစားရာ မက္ကဆီကိုတိုက်စစ်မှူးများ ဖြစ်သော ပီရက်ဇ်၊ ဆန်ချက်နှင့် မာကွစ်ဇ်တို့ ဂိုးရလိုမှု ဆန္ဒစောနေခြင်းကြောင့် ဂိုးသွင်းမပိုင်နိုင်ကြရာမှ မက္ကဆီကိုတို့ ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုသည် အုပ်စု(က)ပထမပွဲစဉ်၌ မာလီကို ဂိုးမရှိသရေကျပြီး (၁)မှတ်သာရရှိထားရာ ယခုပွဲ ရှုံးခဲ့သဖြင့် အုပ်စုမှ တက်ရေးမျှော်လင့်ချက် မှေးမှိန်လျက်ရှိသည်။

အုပ်စု(က) အုပ်စုဒုတိယပွဲစဉ်အဖြစ် မာလီနှင့်ဂရိတို့ ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာဖ်တန်ဇိုဂယ်လီရီအားကစားကွင်း၌ ကျင်းပရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါရာဂွေးမှ တောရက်စ်ကာရက်စ်က ဆောင်ရွက်ပေးသည်။

အိမ်ရှင်ဂရိတို့ ယခုပွဲနိုင်မှအုပ်စုတက်ရန် အခွင့်အရေးကောင်းမည်ဖြစ်ရာ ကြိုးစားကစားရန်ဖြစ်သော်လည်း မာလီအသင်းက ပွဲစသည်နှင့် မနားတမ်းထိုးဖောက်ကစားရာ ပွဲချိန် နှစ်မိနစ်တွင် မာလီမှနောက်ခံလူ ဘာသီမာမက်ဒီက တိုက်စစ်ကို အားဖြည့်လိုက်ပါရင်း ဂရိဂိုးဧရိယာ အစပ်မှ အမှတ်မထင်ကန်သွင်းမှုကြောင့် မာလီတို့ စောစီးစွာ အဖွင့်ဂိုးရရှိသွားသည်။

မာလီအသင်း ဂိုးထပ်မံရရှိရေး တိုက်စစ်အားမလျှော့ဘဲ ကစားအားတင်ကစားလျက်ရှိရာ ဂရိတို့ကစားကွက် တည်မရဘဲဖြစ်လျက်ရှိသည်။ ပွဲချိန် ၃၆ မိနစ်တွင် ဂရိတို့ ဂိုးရရှိရန် အခွင့်အရေးရရှိသော်လည်း ဂရိတိုက်စစ်မှူး ပါပါဒိုပိုလော့စ် ကန်ချက်မမှန်မှုကြောင့် နစ်နာခဲ့ရသည်။

မာလီအသင်း ဂရိတို့ကိုဖိကစားထားရာ ပွဲချိန် ၄၅ မိနစ်တွင် မာလီကွင်းလယ်ကစားသမား အင်ဒိုယာယီက ဂရိနောက်တန်းကို ဖြတ်ကျော်ပြီး ဂိုးသွင်းခဲ့သဖြင့် မာလီတို့ ပထမပိုင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဂရိတို့ ဒုတိယပိုင်းတွင်ချေပဂိုးများရရှိရေး အပြင်းအထန် ကြိုးစားတိုက်စစ်ဆင်သော်လည်း မာလီနောက်တန်းခံစစ်မှူးများကို မကျော်နိုင်ခဲ့ပေ။ ပွဲပြီးချိန်ထိ ဂရိတို့ ကြိုးစားပြီး ကစားသော်လည်း မာလီနောက်တန်းခံစစ်ကြောင်း တောင့်တင်းမှုကြောင့် နှစ်ဂိုး-ဂိုးမရှိ ဖြင့် ရှုံးနိမ့်ခဲ့ရပြီး နှစ်ပွဲကစား (၁)မှတ်ဖြင့် ဂရိတို့ အုပ်စုမှတက်ရေး အလားအလာ မကောင်းတော့ပေ။ မာလီတို့ နှစ်ပွဲကစား (၄)မှတ်ဖြင့် အုပ်စုမှတက်ရန် အခွင့်အလမ်းသာ လျက်ရှိနေပြီဖြစ်သည်။

အုပ်စု(ဂ)အုပ်စုဒုတိယပွဲစဉ်များအဖြစ် ဆာဘီးယားနှင့် ဩစတြေးလျတို့ ဂရိနိုင်ငံ ဟာရက်လီဂိုမြို့ရှိ ပင်ကရီတီရီ အားကစားကွင်း၌ ဩဂုတ် ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ ပွဲစသည်နှင့် ဩစတြေးလျအသင်းက တစ်ဖက်သတ်ထိုးဖောက်ကစား နိုင်ပြီး ဆာဘီးယားကွင်း တစ်ဝက်ထိ ဖိကစားထားသည်။

ပွဲချိန် ၁၁မိနစ်တွင်ဩစတြေးလျ ကွင်းလယ်ကစားသမား ကာဟဲလ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၄၆ မိနစ်တွင် ဩစတြေးလျတိုက်စစ်မှူး အလိုစီက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ဩစတြေးလျတို့နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဩစတြေးလျတို့ကသာ တစ်ဖက်သတ်ထိုးဖောက် ကစားလျက်ရှိရာ ပွဲချိန် ၅၇မိနစ်တွင် ဩစတြေးလျ တိုက်စစ်မှူး အလိုစီကပင် ထပ်မံဂိုးသွင်းခဲ့ပြီး တတိယဂိုး ရရှိခဲ့သည်။ ပွဲချိန် မိနစ် ၆၀တွင် ဩစတြေးလျ ကွင်းလယ် ကစားသမား အီလ်ရစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် စတုတ္ထဂိုးရရှိခဲ့ပြန်သည်။

ဆာဘီးယားတို့ ချေပဂိုးများရရှိရေး ကစားအားတင် ပြန်လည်ထိုးဖောက်ကစားရာ ပွဲချိန်၇၂မိနစ်တွင် ဆာဘီးယားမှ ရာဒိုနစ်က နှစ်သိမ့်ဂိုးတစ်ဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ဆာဘီးယားတို့ ကစားကွက်ပျက်လျက်ရှိရာ ဩစတြေးလျတို့ ကစားကွက်စိတ်ကြိုက်တည်ကာ ထိုးဖောက်ကစားရာမှ ပွဲချိန် ၈၆မိနစ်တွင် ဩစတြေးလျ ကွင်းလယ် ကစားသမား အီလ်ရစ်က တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဩစတြေးလျတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)အုပ်စုဒုတိယပွဲအဖြစ် အာဂျင်တီးနားနှင့် တူနီးရှားတို့ ဂရိနိုင်ငံပါထရာမြို့ရှိ ပင်ပီလိုပွန်နီရာကိုအားကစားကွင်း၌ ကျင်းပရာ ပွဲစသည်နှင့် အာဂျင်တီးနားတို့ ဖိကစားထားနိုင်ပြီး အလယ်တန်းနှင့် တိုက်စစ်မှူးများအတွဲညီစွာ ထိုးဖောက် ကစားနိုင်ကြသည်။ ပွဲချိန် ၃၉မိနစ်တွင် အာဂျင်တီးနားကွင်းလယ် ကစားသမားတီဗက်ဇ်က အဖွင့်ဂိုးသွင်း ယူပြီး ပထမပိုင်း အာဂျင်တီးနားတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းတွင်လည်း တူနီးရှားတို့ကို အာဂျင်တီးနားတို့က ကစားကွက်အသာဖြင့် ဖိကစားထားနိုင်ပြီး တိုက်စစ်ဆင်ကစားသော်လည်း အဆုံးသတ်ဂိုးသွင်းမှု မကောင်း၍သာ တူနီးရှားတို့ သက်သာခဲ့ရခြင်းဖြစ်သည်။

ပွဲချိန်၇၂မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး ဂွန်ဇာလက်ဇ် ကန်သွင်းသည့်ဘောလုံး ဂိုးသမားပုတ်ထုတ်ရာမှ အာဂျင်တီးနားမှ ဆာဗီလိုရာက ကန်သွင်းခဲ့သဖြင့် ဒုတိယဂိုးရပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုအချိန်အထိ အုပ်စု(က)နှင့်(ဂ)တို့ အုပ်စုပွဲများ နှစ်ပွဲစီကစားခဲ့ပြီးဖြစ်ရာ အုပ်စု(က)မှ တောင်ကိုရီးယားနှင့် မာလီတို့အုပ်စုမှတက်ရန် အလားအလာကောင်းနေပြီး အုပ်စု(ဂ)တွင် အာဂျင်တီးနားတို့အုပ်စုမှ ကွာတားတက်ပြီဖြစ်ရာ ဩစတြေးလျကလည်း အုပ်စု(ဂ) အုပ်စုဒုတိယဖြင့်တက်ရန် ဟန်ပြင်နေပေပြီ။ ။

(မြန်မာ့အလင်း)



ထိုးဖောက်

အေသင်အိုလံပစ် အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)မှ အာဂျင်တီးနားနှင့် တူနီးရှားတို့ ပွဲတွင် အာဂျင်တီးနားမှ ဆီဇာဒယ်ဂါဒို(ထိပ်) ထိုးဖောက် ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြရိပ်ညိုရွှိုင်ရယ်ဂေါက်သီးလေ့ကျင့်ရေးကွင်း အဆင့်မြင့်ပြင်ဆင်ပြီးပြန်လည်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၅

ကာလအတန်ကြာပိတ်ထားခဲ့ပြီး အထွေထွေပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့သော မြရိပ်ညိုရွှိုင်ရယ်ဂေါက်သီးလေ့ကျင့်ရေးကွင်းအား ယနေ့နံနက် ၉နာရီက ပြန်လည်ဖွင့်လှစ်လိုက်သည်။**(အပေါ်ပုံ)**

လာရောက်လေ့ကျင့်

အဆောက်အအုံ၊ ရေချိုးခန်း၊ သန့်စင်ခန်းများအားလုံး အသစ်ပြန်လည်မွမ်းမံပြီး ငါးပေပတ်လည် မြက်ဖျာအသစ်များ၊ ဂေါက်သီး ဘောလုံးအသစ်များဖြင့် နိုင်ငံတကာ စံချိန်မီ ပြန်လည် ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးများ၊ သံတမန်မိသားစုများနှင့် ဂေါက်သီးဝါသနာရှင်များ လာရောက်လေ့ကျင့်ကြသည်။**(အောက်ပုံ)**

မွန်းလွဲ ၂နာရီမှ ည ၉နာရီအထိ နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ (၁)၊ အမှတ် (၁၄)ကို ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ်ဂျာနယ် တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးစက္ကူပျော့ဖတ်စက်ရုံ ရခိုင်ပြည်နယ်တွင် တည်ဆောက်တော့မည်၊နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)များ ပြန်အပ်စရာမလိုဘဲ သက်တမ်းရှိသမျှ ကိုင်ဆောင်ထားနိုင်ပြီ၊ ဒုတိယ ကမ္ဘာစစ် ဓာတ်အိမ်ပြုရုပ်ရှင်ကားကြီးတစ်ကား မြန်မာ-ဂျပန်ပူးပေါင်းရိုက်ကူးရန် စီစဉ်နေ၊ ကြားခံ ကုန်သွယ်ရေးတွင် ဆိုက်ရောက်တန်ဖိုး၏ ၂၁သမ၅ ရာခိုင်နှုန်း ပေးသွင်းမှသာ သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဟုဆို၊ အဲယားပုဂံလေကြောင်းလိုင်း နယ်စပ်မြို့ကြီးများသို့ ပြေးဆွဲမည်၊ ပထမဆုံး ရေကြောင်းပညာဘွဲ့သင်တန်း စင်ကာပူတွင် စတင်ဖွင့်လှစ်သင်ကြား၊ စီဒီအမ်အေနှင့် ဂျီအက်စ်အမ်စနစ် နှစ်မျိုးစလုံး သုံးနိုင်သည့် ကမ္ဘာ့ပထမဆုံး မိုဘိုင်းဖုန်းများ တရုတ်တွင်ထုတ်လုပ်ပြီ၊ တရုတ်-ဗီယက်နမ်တို့၏ ဈေးနှိမ့်ဆန်မွှေးဈေးကွက်ကို ထိုင်းဆန် ပက်သမ်နီက ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ် စသည့် ပြည်တွင်းပြည်ပ စိတ်ဝင်စားဖွယ်ရာ သတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားလပ်ရက် အပန်းဖြေအညွှန်း၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး e-Empire Media House ဖုန်း-၇၀၃၈၁၃၈ ဖြန့်ချိထားသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၈-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅	၇။	ဘော်ဘင်ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	တေးသရုပ်ဖော်အစီအစဉ်
၁၇း၂၀	၇။	အကပဒေသာ
၁၇း၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၄၅	၉။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၅၅	၁၀။	မြန်မာစာ မြန်မာစကား
၁၈း၀၅	၁၁။	Discovery
၁၈း၁၀	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဝူခုန်း”** (အပိုင်း-၁၅)
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉း၁၅	၁၆။	တေးဂီတအစီအစဉ်
၁၉း၃၀	၁၇။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”** (အပိုင်း-၁၃)

ကနေဒါဘော်လီဘောအသင်းအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၅

မြန်မာ–ကနေဒါ နှစ်နိုင်ငံ ချစ်ကြည်ရေး ဘော်လီဘော လက်ရည်စမ်းပွဲများ ကစားလျက်ရှိသည့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းများနှင့်အေအိုင်အေဘော်လီဘောအသင်းတို့အား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီက ကရဝိက်နန်းတော် ဒက္ခိဏဆောင်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင် (မန်နေဂျင်း ဒါရိုက်တာ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်သည် အေအိုင်အေအသင်း အဖွဲ့ခေါင်းဆောင်၊ နည်းပြဆရာများနှင့် အဖွဲ့ဝင်များ၊ ကစားသမားများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် အေအိုင်အေအသင်း အဖွဲ့ခေါင်းဆောင် Mr. Dave Johns က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။ ၎င်းနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံကြောင်း သိရသည်။

(မြန်မာ့အလင်း)

နှလုံးရောဂါဝေဒနာရှင် ၁၃ ဦးအားပူးပေါင်းခွဲစိတ်ကုသလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၅

ဘယ်လ်ဂျီယံနိုင်ငံ OLVZ ဆေးရုံမှ နှလုံးရောဂါကုသမှု ပါရဂူ Dr. Francis Wellens ဦးဆောင်သောအဖွဲ့နှင့်တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)မှ ပါရဂူကြီးများပူးပေါင်း၍ နှလုံးရောဂါဝေဒနာရှင် ၁၃ ဦးတို့အား နှလုံးရောဂါ ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၌ ဩဂုတ် ၁၅ရက်မှ ၂၀ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆရာဝန်ကြီးနှင့် အဖွဲ့ သည် နှစ်စဉ်လာရောက်၍ ပူးပေါင်း ခွဲစိတ်ကုသလေ့ရှိပြီး ယခုအကြိမ်တွင် (၅)ကြိမ်မြောက် အတူ ပူးပေါင်းခွဲစိတ်ကုသခြင်း ဖြစ်သည်။ ယင်းဘယ်လ်ဂျီယံနိုင်ငံ နှလုံးအထူးကုပါရဂူများသည် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့မှ ပါရဂူများနှင့်ဆေးပညာ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင်လည်း ယခုကဲ့သို့ထပ်မံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စနေနေ့ ပရီမီယာလိဂ် အနိုင်အရှုံး

မစ်ဒယ်ဘရော့	၂	–	၂	**နယူးကာဆယ်**
(ဟက်ဆယ်ဘင့် – ၁)				(အလန်ရှီးယား – ၁)
(ဒေါင်နင်း – ၁)				(ခရိတ်ဘယ်လာမီ – ၁)
တော့တင်ဟမ်	၁	–	၁	**လီဗာပူး**
(ဂျာမိန်းဒီဖိုး)				(ဂျီဘလဲဆစ်စီ)
အက်စတွန်ဗီလာ	၂	–	၀	**ဆောက်သမ်ပတန်**
(ဒါရီယပ်ဗာဆယ် – ၁)				
(ကာလ်တန်ကိုးလ် – ၁)				
မန်ချက်စတာစီးတီး	၁	–	၁	**ဖူလ်ဟမ်**
(ရှော့ဘီဖောင်လာ)				(ကိုလ်လင်နံ့ဂျွန်)
ဘလက်ဘန်း	၁	–	၁	**ဝက်စ်ဘရွန်း**
(ကရင့်ရှောတ်)				(နီလ်ကယ်လီမင့်)
နော့ဝှစ်	၁	–	၁	**ခရစ္စတယ်ပဲလေ့**
(ဒါရင်ဟူဘာဘိုင်)				(အင်ဒရူးဂျွန်ဆင်)
ဘိုလ်တန်	၄	–	၁	**ချာလ်တန်**
(ပီဒါဆင် – ၂)				(ကီဆင်လစ်ဘိုင်)
(ဂျေဂျေအိုကိုချာ – ၂)				
ပို့စ်မောက်	၁	–	၁	**ဘာမင်ဂမ်**
(ဒါဗစ်အစ်ဆွစ်)				(ရှော့ဘီဆာဗေ့ဂျ်)

(အင်တာနက်)

(၂၂)ကြိမ်မြောက်အထကကျောင်းသားဟောင်းများ၏အာစရိယပူဇော်ကန်တော့ပွဲ

နေ့ရက် – ၂၉–၁၀–၂၀၀၄ (သောကြာနေ့)

အချိန် – မွန်းလွဲ ၁ နာရီတိတိ

နေရာ – မြို့မသာသနာ့ဗိမာန်(ယခင်အထကကျောင်းဟောင်းနေရာ)၊ ပဲခူးယ်ကုန်းမြို့

ပဲနွယ်ကုန်းမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၁။ ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ တပ်မှူး၊ မြဝတီရပ်မြင်သံကြား၊ မော်ဘီမြို့။
၂။ ဗိုလ်ကြီးမြင့်ထွေး–ဒေါ်မိုးစန္ဒာမြင့် ရန်ကုန်၊ ဖုန်း ၀၁–၂၉၂၀၇၁။
၃။ ဒေါ်ခင်စန်းရီ(မင်္ဂလာဈေး) ရန်ကုန်၊ ဖုန်း ၀၁–၂၂၃၉၀၄။
၄။ ဦးငွေးဝင်း ပဲနွယ်ကုန်း၊ ဖုန်း–၅၅။
၅။ ဒေါက်တာသိန်းထွန်း ပဲနွယ်ကုန်း၊ ဖုန်း–၃၅။
၆။ ဒေါက်တာညွန့်တင် ပဲနွယ်ကုန်း၊ ဖုန်း–၂၈။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကိုညွန့်သိန်းဝင်း(ခ) ကိုသားကြီး၏ (၁၆-၈-၂၀၀၄) ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မွေးနေ့မှသည် သက်ဆုံးတိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်တဲ့ ဘဝကို ထာဝရ ရရှိပါစေ။

ချစ်ဇနီး မခင်စမ်းထွေး(ခ)အိထွေး၊
Moon Rays Co.,Ltd.နှင့်
L.Y.L Co.,Ltd. မှ ဝန်ထမ်းများ။

အမည်ပြည့်စွက်ခြင်း

ဦးဝင်းကြည်(ညွှန်မှူး MRTV-3) နှင့် ဒေါ်အေးအေးသန်းတို့၏ သားဖြစ်သူမောင်ထူးအောင် ဒသမတန်း (ခ)TTCကို ယနေ့မှစ၍ မောင်ထူးအောင်သန့်ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်ထူးအောင်သန့်။

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

Graphic Design Course ၁၃ပတ် - (၃၀၀၀၀ိ/-)
- Adobe Illustrator
- Adobe Photoshop
- Adobe ImageReady
- Image Scanning

Fidelio Hotel Management Software ၁၀ပတ် - (၃၀၀၀၀ိ/-)
Fidelio Software ... Certificate ... Hotel ...

LEARNERS
LEVEL 1,2,3,4 ...
EJU ...
218 ...
Ph : 245790

MICTDC **MANDALAY ICT PARK** MICTDC

တစ်နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်

MANDALAY ICT DAYS, 2004

16, 17, 18 - AUGUST - 2004

❑ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ပြခန်းများ ❑ ICT နည်းပညာပြခန်းများ ❑ ဟောပြောပွဲများ

MANDALAY ICT PARK
Third Floor, Yadanabon Market, Bet : 33rd&34th St. & 77th&78th St., Mandalay.

ပဲခူးယ်ကုန်းမြို့ တိုက်နယ်ဆေးရုံဓာတ်မှန်ဆောင်ဖွင့် ဆေးရုံသုံးပစ္စည်းများ စုပေါင်းလှူဒါန်းပွဲကျင်းပ

ပဲနွယ်ကုန်း ဩဂုတ် ၈

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲနှင့် ဆေးရုံသုံးပစ္စည်းများ စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉နာရီက ဓာတ်မှန်ဆောင်အဆောက်အအုံတွင် ကျင်းပသည်။ (ဝဲပုံ)

ရေးဦးစွာ ပဲခူးတိုင်း တိုင်းကျန်းမာရေးဦးစီးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားကြပြီး အလှူရှင်များကိုယ်စား ဒေါက်တာဦးသိန်းထွန်းက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ ဦးမောင်မောင်–ဒေါ်ရှုကြည်(ဂမုန်းပွင့်မိသားစု)များက ဓာတ်မှန်စက်နှင့်ဓာတ်မှန် အသုံးအဆောင်ပစ္စည်းများ၊ ရေခဲသေတ္တာတစ်လုံးနှင့်ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဦးစစ်တိုင်းအောင် (Suntac International Co., Ltd. က ECG တစ်လုံးနှင့် Air Condition တစ်လုံး၊ ဦးကြည်ဦး–ဒေါ်သန်းသန်း ဦး(မုဒုံကိုမောင်မောင် မော်တော်ယာဉ် အပိုပစ္စည်း ရောင်းဝယ်ရေးနှင့် အရန်ဂျစ် မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစု)ရန်ကုန်မြို့က လျှပ်စစ်ဓာတ်အားပေးစက် 20˚KW တစ်လုံး၊ Yee Shin Co., Ltd. က ဓာတ်မှန်စက်တစ်လုံး၊ ဦးငွေသိန်း–ဒေါ်စမ်းမြင့် (သိမ့်ဗီဒီယို၊ ဗီစီဒီဓာတ်ပုံရိုက်ကူးရေးမိသားစုက ပါဝါမီတာတစ်လုံး၊ မမြင့်မြင့်တင်၊ (ညီမ)မအေးအေးကြွယ် (ယမင်းရွှေစင်မိသားစု)က ဆေးရုံနှင့်ဓာတ်မှန်ဆောင်စကြဳလမ်း)၊ ပဲနွယ်ကုန်းမြို့ မြို့မိမြို့ဖများက ဓာတ်မှန်ဆောင် အဆောက်အအုံနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း စုစုပေါင်း လှူဒါန်းငွေတန်ဖိုး သိန်း ၁၂၀ ကျော်တို့ကို စုပေါင်းပေးအပ် လှူဒါန်းကြသည်။

(ကဖ–မ)

မူဆယ်မြို့ အမှတ်(၂)ဈေးကြီး သန့်ရှင်းသာယာရေးဆောင်ရွက်

မူဆယ် ဩဂုတ် ၃

မူဆယ်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိုးရန်နိုင်၊ မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် တာဝန်ရှိသူများ ဇူလိုင် ၁၀ ရက်က မူဆယ်မြို့ အမှတ်(၂) ဈေးကြီး သန့်ရှင်းသာယာရေး၊ စနစ်တကျ ခင်းကျင်း ရောင်းချရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် အသားရောင်းဆိုင်များတွင် ယင်လုံဆန်ခါ တပ်ဆင်မှုတို့ကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဥက္ကဋ္ဌက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြိတ်မြို့နယ်စည်ပင် သာယာရေး အဖွဲ့က ၂၀၀၄ – ၂၀၀၅ ဘဏ္ဍာ ရေး နှစ်တွင် ဆောင်ရွက်သည့် ရှမ်းချောင်း–ရွာသစ်ကျေး ရွာ ချင်းဆက်ကျောက်ချောလမ်း ခင်းခြင်း လုပ် ငန်း ကို ဩဂုတ် ၇ရက်က တနင်္သာရီ တိုင်းစည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထွန်း ရင်တို့ရှင်းလင်းတင်ပြကြစဉ်။ (က–ပ)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ချေးငွေများထုတ်ပေး

တပ်ကုန်းမြို့ မြန်မာ့စိုက်ပျိုးရေးနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိရာ ဇူလိုင် ၂၉ရက်က ကျောက်စရစ်ကုန်းကျေးရွာမှ တောင်သူကြီးများအား ဘဏ်မန်နေဂျာ ဒေါ်ချိုနွယ်ဦးက ချေးငွေများ ထုတ်ပေးစဉ်။ (၂၆၆)

ကျေးရွာစာကြည့်တိုက်များဖွင့်

အသုတ် ဩဂုတ် ၁၀

ရေကြည်မြို့နယ် အသုတ်ဒေသဆိပ်သာကျေးရွာနှင့် အောက်အင်းကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်က အဆိုပါ ကျေးရွာစာကြည့်တိုက်များ၌ကျင်းပရာ ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့် ဦးလှအန်းတို့က အမှာစကားပြောကြားကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်းသိရသည်။ **(ဝ၆၈)**

မြို့နယ်အဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ မော်ကျွန်းမြို့နယ်တွင်ကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၈

မော်လမြိုင်ကျွန်းမြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက တံခွန်တိုင်ကြီးကျေးရွာ မိုးစပါးဧက ၄၀၀စံပြစိုက်ကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးစသန်းမောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဘုရားချောင်းတံခွန်တိုင်ကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဟန်စိန်နှင့်ကျင်းပရေး ကော်မတီဝင်များ တက်ရောက် ကြည့်ရှု အားပေးကြသည်။ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တံခွန်တိုင်ကြီး၊ ကျွန်းခယ်မ၊ မရဲ့အုန်းပင်စု၊ နွားရေကျော်ညောင်လန်း၊ ကျားချောင်းနှင့် ကွမ်းခြံကုန်း ကျေးရွာများမှ လက်ရွေးစင်ကောက်စိုက်အသင်းများပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို တံခွန်တိုင်ကြီးကျေးရွာ ရွှေတံခွန် ခန်းမတွင် ဆက်လက်ကျင်းပရာ မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည် ပထမဆုရ ကျွန်းခယ်မကျေးရွာ ကောက်စိုက်အသင်းအား မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့် **(အပေါ်ပုံ)**၊ ဒုတိယဆုရ နွားရေကျော်ညောင်လန်းကျေးရွာ ကောက်စိုက်အသင်းအား မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစသန်းမောင်နှင့် တတိယဆုရ ကွမ်းခြံကုန်းကျေးရွာ ကောက်စိုက်အသင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းဗိုလ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၇)**

ကျေးရွာချင်းဆက် ချောင်းကူးသစ်သားတံတား တည်ဆောက်ပြီးစီးမှုနှင့်ကြံ့ခိုင်မှုကြည့်ရှုစစ်ဆေး

မောင်တော ဇူလိုင် ၂၈

မောင်တောခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့်

ကုန်စည်စီးဆင်းမှု မှန်ကန်သွက်လက်လာရေးတို့အတွက် လမ်းနှင့်တံတားများဖောက်လုပ်တည်ဆောက်လျက်ရှိရာ ဇူလိုင် ၂၀ရက် နံနက်က သဲချောင်းကျေးရွာနှင့် လိပ်ရကျေးရွာချင်းဆက် အရှည်ပေ ၁၃၀ ချောင်းကူးသစ်သားတံတားအား တောင်ပြိုလက်ဝဲမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများက တံတားဆောက်ရွက်ပြီးစီးမှုနှင့် ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)



တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများ ကန်တော်ကြီးပန်းဥယျာဉ်အတွင်း ပျိုးအိတ်များထုတ်လုပ်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၇ ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်တွင် ပျိုးပင် တစ်သိန်း ပြည့်မီရန် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးစောရွှေ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

သီပေါမြို့ ကုန်းသာကျေးရွာ အလယ်တန်းကျောင်းအတွက် မီးစက်လှူဒါန်း

သီပေါ ဩဂုတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာလှူဒါန်းသော မီးစက်တစ်လုံးပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ကုန်းသာကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေစိုက်စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးစိုးသာက ကုန်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ပေးပို့လှူဒါန်းသော မီးစက်တစ်လုံးကိုဗဟိုအလုပ်အမှုဆောင်ကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသန်းသို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

(၃၀၆)

အမြို့မြို့ အနယ်နယ် သတင်းများ

မဟာစန္ဒာသီဟဘုရား ဘက်စုံပြုပြင်ရန်ငွေလှူဒါန်း စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ကြို့ပင်ကောက် ဩဂုတ် ၁၃

ကြို့ပင်ကောက်မြို့နယ် ဇေဝနာဘိဝံသာရုံကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇေဝနာဘိဝံသ ကြီးမှူး၍ မဟာစန္ဒာသီဟဘုရား ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းကြသော စေတနာရှင် အလှူရှင်များမှာ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဦးဝင်းမြင့်နှင့် မောင်နှမများ၊ အရှေ့လမ်းမတော်က ငွေကျပ်၁၀၀၀၀၀၀၊ ဒေါ်ဝင်းကြည်နှင့်သား သမီးများ ကောင်းမှု (ရွှေခြသေ့်နှစ်ကောင်) ပွဲစားတန်းက ငွေကျပ် ၁၆၇၅၀၀၊ ဒေါက်တာ မြသောင်းဇနီး ဒေါ်သန်းသန်းဝင်းမိသားစုက ငွေကျပ် ၅၀၀၀၀၊ကိုသန်းထွဋ်-မဌေးဌေးမိသားစုက(သာစုအောင်ဆေးဆိုင်)က ငွေကျပ် ၃၀၀၀၀၊ဦးစိန်ရွှေ-မလဲ့လဲ့ဝင်းမိသားစု (အောင်ထိပ်တန်းစားသောက်ဆိုင်)က ငွေကျပ်၃၀၀၀၀၊ဒေါက်တာမောင်မောင်ဖြိုးကျော်(အလယ်ကုန်းတိုက်နယ်ဆေးရုံ) က ငွေကျပ် ၁၂၅၀၀၊ ကွယ်လွန်သူ မောင်သိန်းဇော်ထူးအား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ကိုကျော်ညွန့်-ဒေါ်သန်းသန်းဆွေ (ရန်ကုန်)၊ ကိုစိန်ဝင်းမိသားစု၊ ကိုတင့်လွင်-ဒေါ်လဲ့လဲ့ဝင်း၊ သား- မောင်ခွန်းစိုင်နောင်၊ ကိုဇော်သိန်း-မစန်းစန်းဌေး (စိန်ပုလဲ ရတနာရွှေဆိုင်)အရှေ့ လမ်းမတော်၊ ဦးမောင်ဝ- ဒေါ်ခင်ညွန့်၊ သား ကိုဝင်းနိုင်(အုတ်ဖိုမြို့)၊ ကိုမြတ်သိန်း ထွန်း-မရွှေခင်ဝင်းမြင့် (ရန်ကုန်)၊ ဦးဟုတ်ကြည်-ဒေါ်ခင်သီ မိသားစု (ဆေးရုံလမ်း)နှင့် ကိုဌေးအောင်-မလှလှဝင်း မိသားစု(ဝေဝေဆာဆာ စားသောက်ဆိုင်)တို့က ငွေကျပ်၁၀၀၀၀စီ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူငွေ လှူဒါန်းလိုသူများသည် ဒေါက်တာဦးမြသောင်း(မြို့နယ်ဆရာဝန်ကြီး) ကြို့ပင်ကောက်မြို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြည်မြို့နယ် လူဝင်မှု ကြီးကြပ် ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဇော်ဝင်း၊ ခရိုင်ဦးစီးဌာနမှူးဦးသိန်းကြွယ်နှင့် ဝန်ထမ်း များ က နိုင် ငံ သား အရည် အချင်း ပြည့်မီ သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက်က ပြည်မြို့ ပေါင်းတလည်ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (က-ပ)

ချောက်မြို့နယ်တွင် သစ်ဆိမ့်ပင်စိုက်ပျိုး

ချောက် ဩဂုတ် ၂

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ချောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်၍ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၂၉ ရက်က မိုလာ-စလေကားလမ်းဘေးဝဲယာတွင် သစ်ဆိမ့်ပင် ၂၀၀၀ စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့်အဖွဲ့ဝင်များ၊သစ်တောဦးစီးဌာနဦးစီးမှူး ဦးတင်မြင့်၊အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ် ပညာရေးမှူး ဦးကျော်တင့်ရီနှင့် ဆရာ ဆရာမများ စုပေါင်းစိုက်ပျိုးကြသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

မန္တလေး ရူပဗေဒဌာနသို့ ကွန်ပျူတာနှင့် လေအေးပေးစက်လှူဒါန်း

မန္တလေး ဩဂုတ် ၁၂

မန္တလေးတက္ကသိုလ် ရူပဗေဒဌာနသို့ ကွန်ပျူတာနှင့် လေအေးပေးစက် ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၁၁ နာရီခွဲက အဆိုပါ ရူပဗေဒဌာန၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာ ဦးညွန့်လွင်က အမှာစကားပြောကြားပြီး အလှူရှင် ဗိုလ်မှူး မောင်လတ်(ငြိမ်း)က ရူပဗေဒဌာနသို့ ကွန်ပျူတာနှင့် လေအေးပေးစက် ပေးအပ်လှူဒါန်း ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ယာပုံ)**

ထို့နောက် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) မိသားစုက တန်ဖိုးငွေ ၁၁ သိန်းရှိ ကွန်ပျူတာနှစ်လုံးနှင့် လေအေးပေးစက်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာဦးညွန့်လွင်နှင့် ပါမောက္ခ ဒေါက်တာဦးမြင့်သိန်းတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။ **(က-ပ)**

ဩဂုတ် ၃ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်သန်း ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ရွာသစ်ကြီးကျေးရွာ ရေစက်ရုံ၊ ရေကန်ဆောင်ရွက်ပြီးစီးမှုနှင့် ဝဲကြီးကျေးရွာ ရေငန်တွင်းများ ရေချိုရရှိရန် ပြန်လည်တူးဖော် ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးကြည်တင် ရှင်းလင်းပြသစဉ်။ (က-ပ)

နှစ်ရှည်ပင်စုပေါင်းစိုက်ပျိုး

နွားထိုးကြီး ဇူလိုင် ၃၀

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့်ပန်းပင်များ စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က နွားထိုးကြီးမြို့ မြို့မ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသား ၇၀၀ကျော်တို့က အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် ပန်းပင်မျိုးစုံ ၁၅၀၀ကို ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် စုပေါင်းစိုက်ပျိုးခြင်း ဆောင်ရွက်ကြသည်။

(၂၁၃)

ဇူလိုင် ၂၉ ရက်က လက်ပံတန်းမြို့နယ် ရေငံ-မကျီးကွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းကြီးကြပ်

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်လွင်နှင့်ဝန်ထမ်းများ ဇွန် ၂၈ ရက်က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့အဝင် မဟာပညာကျော်လမ်းရှိ ပြည်သူများနှင့် ပူးပေါင်း၍ အုတ်ရေမြောင်း ဆောင်ရွက်ခြင်းတို့ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လက်ထပ်ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၅၀/B၊ ဗားကရာလမ်းနေ
ဦးတင်စိုး–ဒေါ်ဝင်းစပါယ် တို့၏သားကြီး
မောင်ရန်နိုင်ဦး (2nd Year,Zoology)
(Microcomputer Technologies,Montgomery College,MD,USA)
နှင့်
ကချင်ပြည်နယ်၊ နမ္မားမြို့၊ ရှမ်းစုရပ်နေ
ဦးမောင်ကို–ဒေါ်မြကြီး တို့၏သမီးထွေး
မယဉ်ယဉ်ထွေး(ခ)ထွေးထွေး (Final Year, Zoology)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီမှုဖြင့် ၈–၇–၂၀၀၄ရက်နေ့တွင် မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမောင်၏ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပြီးစီးပါကြောင်းနှင့် ကျွန်တော် ကျွန်မတို့၏ ၁၁–၇–၂၀၀၄ ရက်နေ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Restaurant Paradise Palace၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမောင်နှင့်ဇနီး၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပေးသော သံမှူးကြီး ဦးခင်မောင်လင်းနှင့်ဇနီး၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ အတွင်းဝန် ဦးဇော်ထွန်းဦးနှင့် မြန်မာသံရုံးဝန်ထမ်းမိသားစုများ၊ မလေးရှားနိုင်ငံရောက် မြန်မာမိတ်ဆွေ သူငယ်ချင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်ဦး–မယဉ်ယဉ်ထွေး။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃၂/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်မန်နေဂျာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	၄ နေရာ

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၆–၉–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၉–၂၀၀၄ နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/ ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆–၉–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံး သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၀–၁၀–၂၀၀၄ နေ့နှင့် ၂၁–၁၀–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၂၈–၁၀–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ cstb. imis. com. mm တွင်လည်း ဖော်ပြထားပါသည်။

အမည်ပြောင်း

သင်းသင်းကြိုင် SCG–၀၀၂၈၁၆ (ဘ)ဦးစိန်ထွန်းအား သင်းသင်းကြိုင် (ခ) နှင်းအိမ်ခိုင်ဝင်း (HNINEAIN KHINE WYNN)ဟု လည်းကောင်း၊ သင်းသင်းကြိုင်၏သမီးများဖြစ်ကြသည့် ရတနာနှင်းအိမ်ကို ရတနာနှင်းအိမ်ဝင်း (YATANA HNINEAIN WYNN)(ခ) ရတနာနှင်းအိမ်ဟုလည်းကောင်း၊ စန္ဒြာနန်းအောင်ကို စန္ဒြာနှင်းအိမ်ဝင်း (SANDRA HNINEAIN WYNN) (ခ) စန္ဒြာနန်းအောင်ဟုလည်းကောင်း ၃–၈–၂၀၀၄ ရက်နေ့မှစ၍ ပြောင်းလဲခေါ်ဆိုကြပါရန်။

သင်းသင်းကြိုင်(ခ)နှင်းအိမ်ခိုင်ဝင်း
ရတနာနှင်းအိမ်ဝင်း(ခ)ရတနာနှင်းအိမ်
စန္ဒြာနှင်းအိမ်ဝင်း(ခ)စန္ဒြာနန်းအောင်။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
တနင်္သာရီတိုင်းတရားရုံး(မြိတ်မြို့)
၂၀၀၄ ခုနှစ် တရားဇာရီမှု အမှတ်(၁)

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးသန်းမြင့်
အာရှဓနဘဏ်လီမိတက် ၂။ ဒေါ်ညွန့်သန်း
မြိတ်ဘဏ်ခွဲ၊ မြိတ်မြို့။
(ဒီကရီရရှိသူ) **(တရားရှုံးများ)**

တနင်္သာရီတိုင်းတရားရုံး(မြိတ်မြို့)၊ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်(၁၁)တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်းများ

၁။ မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မြို့သစ်တံတားဦးရပ်၊ ရွှေယင်းမာလမ်းရှိ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၉(င)ဘုရားကိုင်၊ ၁၉၉၉–၂၀၀၀ ပြည့်နှစ် ဦးပိုင်အမှတ် ၁၉၇၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧက+ဦးပိုင်အမှတ် ၁၉၇/၃၄၁၊ ဧရိယာ ၀ ဒသမ ၀၁၂ ဧက၊ စုစုပေါင်း ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်နှင့်
၂။ ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံ။
စုစုပေါင်းကြမ်းခင်းဈေးကျပ်သိန်း ၃၅၀၀၀၀၀၀ (ကျပ်သိန်းသုံးရာငါးဆယ်တိတိ)

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင် ဖော်ပြပါရှိထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်ကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၄။ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဖော်ဝင်း
တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး၊ မြိတ်မြို့။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

မော်လမြိုင် ဩဂုတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက မော်လမြိုင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများသန့်ရှင်း သာယာလှပရေးအတွက်အဓိကတာဝန်ရှိကြောင်း၊ မိမိတို့နှင့်သက်ဆိုင်သော လုပ်ငန်းများကိုစေတနာထားလုပ်ကိုင်ရန်လိုကြောင်း၊ ပူးပေါင်းဆောင်ရွက်ရန် လိုသော လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။**(ယာပုံ)**

ဆက်လက်၍ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော လုပ်ငန်းစဉ်များနှင့် ၂၀၀၄–၂၀၀၅ ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်အကြံပြု ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(၁၆၈)**

ဓမ္မရောင်ခြည်ဗုဒ္ဓစာကြည့်တိုက် ကျိုက်လတ်မြို့၌ဖွင့်

ကျိုက်လတ် ဩဂုတ် ၁၀

ကျိုက်လတ်မြို့ တိလောကမာရဇိန်ဘုရား ဂေါပကအဖွဲ့ဝင်လူကြီးများ၏ ဦးဆောင်မှုဖြင့် ရောင်တော်ဖွင့်ရေကြည်တော် ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်း၍ ဓမ္မရောင်ခြည် ဗုဒ္ဓစာကြည့်တိုက်ဖွင့်ပွဲကို ဓမ္မစကြာအခါတော်နေ့က တိလောကမာရဇိန်ဘုရား ဝေယျာဝစ္စဇရပ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပြီး တိလောကမာရဇိန်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် ဦးဌေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆောင်ရွက်

ဩဂုတ် ၉ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပြည်တက္ကသိုလ်အနီးရှိ ရွှေတစ်ချောင်းလမ်း ဘေးဝဲယာ မြက်၊ ချုံနွယ်များ၊ ပန်းပင်အောက်ခြေများ ရှင်းလင်းခြင်းနှင့် အရိပ်ရပင်များ အတန်းလိုက် ရွှေ့စိုက်ခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်စိုက်

ဩဂုတ်၂ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်ဝန်ထမ်းများ လက်ဝဲသုန္ဒရလမ်း ဘေးဝဲယာတစ်လျှောက်တွင် ပေါင်းမြက်ခင်းများဖြတ်ညှိခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၄၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

ဒေါ်နုနုစိန် ကထိက၊ ဌာနမှူး ရက္ခဗေဒဌာန ဆေးဝါးတက္ကသိုလ် ရန်ကုန်(ရာမညတောသင်္ကန်းတိုက် သန်လျင်)သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင်

ဩဂုတ် ၅ရက်က (၄၅)ကြိမ်မြောက် သွေးလှူဒါန်းသည်။**(အပေါ်ပုံ) (က–ပ)**

မြန်မာ့အသံ

၁၇–၈–၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း
၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (အရည်အသွေးကိုယှဉ်ပြိုင်ထုတ်လုပ်ကြရသော နို့ထွက်ပစ္စည်းများအကြောင်း)
၁၁:၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (မြန်မာ့ဇာတ်မာန်သမိုင်းနှင့် တိုင်းရင်းသားသူရဲကောင်းများ–နိုင်ဝေ)
၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး(မှတ်သူများ–ဒေါက်တာမြင့်သန်း–ညောင်လေးပင်)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (သမီးအတွက်ထီးတစ်လက်)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (တပည့်အမြင် ဆရာအတွေး–ညွန့်ဟံ–ကြူတော)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း–မြန်မာစာ)

ညနေပိုင်း
၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ဆက်ရန်မရှိသတိ)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ကမ္ဘာ့ဂီတ
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာသက်ရှည် နေနိုင်ရေး–ဦးဉာဏ်ထွန်း–ညွှန်မှူး၊ အား/ကာ)
၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၈:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ပြိုးမွှေးပင်)
၂၀:၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ်။

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်

လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၀၄) ကြိမ်မြောက်၊ (၁၀၇) နှစ်ပြည့်၊ ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို ၁၃၆၆–ခုနှစ် တော်သလင်းလဆန်း (၁၂) ရက် (၂၅. ၉. ၂၀၀၄)နေ့မှ တော်သလင်းလပြည့်ကျော် (၁) ရက် (၂၉. ၉. ၂၀၀၄) နေ့အထိ (၅) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

၁၃၆၆–ခုနှစ် တော်သလင်းလဆန်း(၁၃)ရက် (၂၆. ၉. ၂၀၀၄) နေ့ မွန်းလွဲ(၁)နာရီအချိန်တွင်၌ မြတ်စွယ်တော်ရထားကို ဆင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ယိမ်း–နံ့သာ–ဘာသာရေး အဖွဲ့အစည်းများ လိုက်ပါ ခြံရံလျက် မြို့ပေါ်သို့ လှည့်လည်အပူဇော်ခံပါမည်။ ဈေးဆိုင်ပေါင်းများကို တော်သလင်းလဆန်း(၁)ရက် (၁၄. ၉. ၂၀၀၄) နေ့မှစ၍ တော်သလင်း လဆန်း(၃)ရက်၊ (၁၆. ၉. ၂၀၀၄)နေ့ထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း(၄)ရက် (၁၇. ၉. ၂၀၀၄) နေ့မှစ၍ စတင်ရောင်းချပါသည်။

အခြားမြို့နယ်များသို့ အလှူခံ မစေလွှတ်ပါ။

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့
ပေါင်းတည်မြို့။

TOP ☎ 243363 705877

ဗဟိုသိမ်ကြီးဈေး

မြေအောက်ထပ်၊ စာရေးကိရိယာတန်း
ဆိုင်ခန်းများ ငှားလိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း–၂၂၈၅၆၁၊ ၀၉–၅၀၁၆၁၃၆။

"နယူးမန္တလာထွန်း" ခရီးသည်ပို့ဆောင်ရေးမှ

အထူးကျောဖူးတင်ရှိခြင်း နှင့် ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်း

[illegible]

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

၁။ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမက ဝိုင်းကူပေး"** ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်။
၂။ သမဝါယမ ကဏ္ဍာထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် သမဝါယမအသင်းများက ပါဝင်ဆောင်ရွက်မှုကို ဓာတ်ပုံရိုက်ကူး၍ ပြိုင်ပွဲဝင်ရန်၊
၃။ ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ဝင်များမှအပ တစ်ဦးချင်းဖြစ်စေ၊ သမဝါယမ အသင်းအဖွဲ့အနေဖြင့် ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
၄။ (က) ပထမဆု ကျပ် ၂၀၀၀၀၀၊ (ခ) ဒုတိယဆု ကျပ် ၁၅၀၀၀၀ (ဂ) တတိယဆု ကျပ် ၁၀၀၀၀၀၊ (ဃ) နှစ်သိမ့်ဆု(၃)ဆု ကျပ် ၅၀၀၀၀ စီ
၅။ ၁၀ လက်မ x၁၂ လက်မ အရွယ် ရောင်စုံဓာတ်ပုံ၊ ဓာတ်ပုံအရေအတွက် အကန့်အသတ်မရှိ ပြိုင်ပွဲ ဝင်ခွင့်ရှိ၊ ပြိုင်ပွဲဝင်များအနေဖြင့် ဆုကြီး(၁)ဆုနှင့် နှစ်သိမ့်ဆု(၁)ဆု အထိခံစားခွင့်ရှိသည်။
၆။ ပြိုင်ပွဲဝင်စည်းကမ်းချက် အသေးစိတ်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သမဝါယမဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်သည်။
၇။ စုံစမ်းရန် တယ်လီဖုန်းများ–သမဝါယမဦးစီးဌာန(ရုံးချုပ်) ၂၅၀၆၁၀၊ ၂၅၀၆၁၂၊ ၂၅၀၆၁၈၊ ၂၅၀၆၂၀။
၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပညာရေးနှင့်လေ့ကျင့်ရေးဌာနခွဲ၊ သမဝါယမဦးစီးဌာန၊ ညွန့်ကြားရေးမှူးချုပ်ရုံး၊ အမှတ်၂၅၉/၂၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ၁၅–၁၂–၂၀၀၄ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။
၉။ မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် ဈေးပွဲတော်နေ့တွင် ဆုရရှိသူများ စာရင်းထုတ်ပြန်၍ ဆုချီးမြှင့်မည်။

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကျင်းပရေး ဦးစီးကော်မတီ၊ သမဝါယမဝန်ကြီးဌာန။

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် သမိုင်းမှတ်တမ်းများ လှူဒါန်းရန်မေတ္တာရပ်ခံချက်

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် (၁၉၀၅–၂၀၀၅) အထိမ်းအမှတ်အဖြစ် နှစ်တစ်ရာပြည့် သမိုင်းမှတ်တမ်းစာအုပ်အား ထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေပါသဖြင့် မြန်မာ့သမဝါယမ၏ နှစ်တစ်ရာခရီး (၁၉၀၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ)အတွင်း သမဝါယမလှုပ်ရှားမှုနှင့်ပတ်သက်၍ ထင်ရှားသော အထောက်အထား၊ စာရွက်စာတမ်းမှတ်တမ်းများနှင့် ဓာတ်ပုံတို့ကို ၃၀–၉–၂၀၀၄ ရက်နေ့တွင် နောက်ဆုံးထား၍ နီးစပ်ရာ သမဝါယမဦးစီးဌာနများသို့ ပေးပို့ လှူဒါန်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ စုံစမ်းရန် တယ်လီဖုန်းနံပါတ်များ သမဝါယမဦးစီးဌာန (ရုံးချုပ်) ၂၅၀၆၁၀၊ ၂၅၀၆၁၂၊ ၂၅၀၆၁၈၊ ၂၅၀၆၂၀။

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကျင်းပရေး ဦးစီးကော်မတီ၊ သမဝါယမဝန်ကြီးဌာန။

The VOICE သတင်းဂျာနယ်

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည် (လက်ရှိ အသုံးပြုဆဲ)

– 345.KVA မီးစက် (၁)လုံး
Hino EngineV-22C
(၁၀)လုံးထိုး
Meccalte Alternator (Italy)
– 50.KVA မီးစက် (၁)လုံး
Nissan RD-28 Engine

စုံစမ်းရန်–၆၁၀၆၃၆၊ ၀၉–၅၀–၁၃၁၇၈

အမည်ပြောင်း

ရေးမြို့ အထက(၁) နဝမတန်း (E)မှ မဝသုန်ဆွေငြိမ်းအား မအိကြာဖြူဟု ပြောင်းလဲခေါ်ပါရန်။

မအိကြာဖြူ။

ဖခင်အမည်မှန်

လှိုင်သာယာ အထက(၁) ဒသမတန်း (ဘီ)မှ မငုဝါလင်း၏ ဖခင်အမည်မှန်မှာဦးဉာဏ်လင်း ၇/ပတန (နိုင်) ၁၀၂၆၇၇ဖြစ်ပါကြောင်း။

ဦးဉာဏ်လင်း ၇/ပတန(နိုင်) ၁၀၂၆၇၇။

အမည်ဖြည့်စွက်ခြင်း

အထက(၃)ဒဂုံ နဝမတန်း (ဂ)မှ ဦးစိုင်းထွန်းကျော်၏ သမီး မဟာန်နီထွန်းအား မဧကရီကျော်မင်း(ခ)ဟာန်နီထွန်းဟုဖြည့်စွက်ခေါ်ပါရန်။

အမည်ဖြည့်စွက်ခြင်း

အလက(၁)ဒဂုံ စတုတ္ထတန်း (စ)မှ ဦးတင်ကျော်မင်း၏ သား မောင်ဇင်မင်းပိုင်အား မောင်ထင်ဝေယံလင်း(ခ)ဇင်မင်းပိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း ဦးငြိမ်းဖေ၏သမီး မလှလှဝင်း ၁၂/ကမရ(နိုင်) ၀၂၈၇၆၈ အား ယနေ့မှစ၍ မဝေဝေနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မဝေဝေနွယ်။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ) ကျား ၂ ဦး
(အသက် ၃၅ မှ ၄၅ အတွင်း)
အိမ်ထောင်ရှိသူများ လာရောက်လျှောက်ထားနိုင်သည်။
၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှဖြစ်ရမည်။
လိပ်စာ–အမှတ်(၅၁၉/၅၀၂)၊အဓိပတိလမ်းသွယ်(၁)၊စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း–၇၀၆၅၃၃။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မြေအောက် ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
လျှောက်ထားသူအမည်–ဦးဟန်ရှိန်
နေရပ်လိပ်စာ–အမှတ် (၂၈၅/က)၊ ထုပါရုံ ၂၁ လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
တူးဖော်မည့်နေရာ–မြေကွက်အမှတ် ၂၈၅/က မြေတိုင်းရပ်ကွက်အမှတ် (၂)၊ သာကေတ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊(ရုံးချုပ်)။

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို ဝယ်ယူလိုပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	2/MR/RAIL BUS/(M) 2004-2005	IN SERVICE RAIL BUSES	12-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၆–၉–၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆–၈–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

အမည်ပြောင်း

အဖဦးမန်းအောင်မြင့် ၁၄/ပတန (နိုင်)၀၇၁၂၈၅ ၏သမီး ပန်းတနော်မြို့ အထက ဒသမတန်း(B) မှ နမ့်သိမ့်သဥ္ဇာထက်အား နမ့်သဥ္ဇာစိုးဟု ပြောင်းလဲခေါ်ပါရန်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန် အသက်(၅၈)နှစ်

ပါမောက္ခ ဒဿနိကဗေဒဌာန၊ မန္တလေး အဝေးသင်တက္ကသိုလ်မှ ဆရာဦးကျော်စိန်သည် ၂၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒဿနိကဗေဒမိသားစု၊ ဒဂုံတက္ကသိုလ်။

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

[illegible]

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ပွင့်စိန်ဦး
(ပုဏ္ဏားကျွန်း–ယိုးတရုတ်၊ စစ်တွေ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆(A)၊ သုနန္ဒာလမ်းမကြီး၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးထွန်းအောင်ခိုင်)၏ဇနီး၊ ဦးသိန်းဦး(ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ဥက္ကဋ္ဌ ACE Data Systems Ltd.)–ဒေါ်သန်းသန်းတင့်၏မိခင်၊ Dr.စောယုသန္တာ(အလုပ်သင်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဇော်မိုးသန့်(ACE Data Systems)၊ မစုမြတ်သန္တာ(IX -B, TTC)တို့၏အဘွား၊ ဦးအေးထွန်း–ဒေါ်မြမြကြည်၊ ဒေါ်လှသန္တာ–ဦးစောမောင်၊ ဒေါ်မသိန်း– ဦးစံသိန်းအောင်၊ ဦးစံလှမောင်၊ ဒေါ်စိန်ကျော့–ဦးကျော်ညွန့်တို့၏အစ်မသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၅–၈–၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်သောင်း
အသက်(၇၇)နှစ်

ကြို့ပင်ကောက်မြို့ ဦးမြင့်–ဒေါ်အုန်းတို့၏သမီး၊ (ဗိုလ်မှူးကြီးမျိုးအောင်) (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကပရ)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၂၃၄ နေ ဒေါက်တာလှိုင်စိန်–ဒေါ်ခင်ညိုညို၊ ဦးမောင်မောင်ချို–ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ညွန့်–ဒေါ်ခင်ခင်ဖြူ၊ ဦးမောင်မောင်အေး–ဒေါ်ချိုချိုအေး၊ ဦးမောင်မောင်ထွေး–ဒေါ်မြင့်မြင့်ကြည်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၅–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးရန်ကြီးအောင်
အသက်(၄၃)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်း–ဝဏ္ဏကျော်ထင်ဒေါ်မေမေလှ)တို့၏မြေး၊ (ဦးဖုံရင်)–ဒေါ်ခင်ခင်ဆွေတို့၏သားငယ်၊ ဒေါ်ထိပ်ထားဦး၊ ဦးမြတ်သူရဇံ–ဒေါ်တင်သက်ဦးတို့၏မောင်/ညီ၊ ဒေါ်သဲဆွေရင်–ဦးထွန်းထွန်းဦးတို့၏အစ်ကို၊ ဒေါ်ဒေါ်လီလီတိ၏ခင်ပွန်း၊ မပြည့်ပြည့်စုံ၊ မနန်းနွမ်ခမ်း၊ မနန်းမိုခမ်း၊ မောင်စိုင်းစိုင်ဖတို့၏ဖခင်သည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ထူးအိမ်သင်(ခ)ကျော်မြင့်လွင်
အသက်(၄၂)နှစ်

မော်လမြိုင်မြို့၊မောင်ငံ၊ ၂၈ အိမ်ရပ်ကွက်၊ အိမ်အမှတ်(၅)နေ ဦးထွန်းမြင့်–ဒေါ်မြရင်တို့၏သားကြီး၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း၊ တိုက် ၄၊ အခန်း ၅ နေ ဦးတင်စိုး–ဒေါ်ကြည်ကြည်သန်းတို့၏သားသမက်၊ ၆၉၊ သီတာလမ်း၊ ကျောက်မြောင်းနေ မသွယ်သွယ်ထွေး၏ခင်ပွန်း၊ မိကွန်ထော(တတိယတန်း–က၊ အလက–၁၊ ဒဂုံ)၏ဖခင်၊ မခင်မိုးရီ၊ ကိုဉာဏ်စိုး–မသူဇာကျော်၊ မနွယ်နီခင်၊ မောင်အောင်မျိုးဟိန်း၊ မင်းဆုမွန်တို့၏အစ်ကိုကြီး၊ ဇွန်စပယ်အိမ်(ခ)ချစ်ချစ်၏ဘကြီး ထူးအိမ်သင်(ခ)ကျော်မြင့်လွင်သည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁း၄၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ၃၃လမ်း လက်ဖက်ရည်ဆိုင်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပေါင်းလောင်းအသင်း(ရန်ကုန်)
ကန်တော့ခံပုဂ္ဂိုလ်
ဦးသန်းညွှန့် (သူရဲသမိန်)
အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၂၂နေ (ဆရာမကြီး ဒေါ်နှင်းညွှန့်)၏ ခင်ပွန်းသည် အထက်ပါနေအိမ်၌ ၁၅–၈–၂၀၀၄ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဒေါ်ရှုဝါ (မြိတ်)
အသက်(၇၀)

မြိတ်မြို့၊ ကန်ဖျားရပ်၊ ပိတောက်ပင်လမ်းဆုံအနီးနေ(ဦးပွားကြည်–ဒေါ်ကွက်အိမ်)တို့၏သမီးကြီး၊ (ဦးစစ်ရုံ–ဒေါ်ဖွားခင်)တို့၏သမီးချွေးမ၊ ဦးမြင့်ဦး(ခ)ဦးဟိုင်၏ဇနီး၊ကိုမျိုးဦး၊မတင်တင်ဝင်း–ကိုဝင်းကျော်၊ မနှင်းနှင်းဝေ၊ ကိုမင်းဦးတို့၏မိခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်မင်းမင်းထွန်း(ခ) အောင်ချစ်ပိုင်
အသက်(၃၀)

ရန်ကုန်မြို့၊ ဗဟန်း၊ အမှတ် ၄၃နေ ဦးစောမောင်–(ဒေါ်ရွှေကြည်) (အောင်သဒ္ဒိ စိတ်ပုတီးပန်းပု)တို့၏မြေး၊ဒေါ်တင်တင်ရီ၊ အမှတ် ၆၇၊ စံပယ်မြိုင်ခြံနေ သားဦးသက်နိုင်(ခ)မောင်သန်းဝင်း၊ ဒေါ်စန်းစန်းသိန်းတို့၏ညီ/မောင်သည် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစစ်နိုင် (ငြိမ်း)
B.Sc.(Engg:) [Civil]
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းစိန်–ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊အနောက်ပိုင်း၊ လမ်းမတော်ရပ်နေ (ဦးစိုင်လုံ–ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ ခင်ပွန်း၊ ဦးသန်း–ဒေါ်ကျင်မြိုင်၊ (ဦးတင်ညွန့်)–ဒေါ်တင်ဥ၊(ဦးမြလှိုင်–ဒေါ်သောင်းခင်)တို့၏ညီ၊ ဦးကျော်စိန်လင်း–(ဒေါ်အေးမြင့်)၊ ဦးအုန်းမောင် (မန်နေဂျာ၊ CB Bank)–ဒေါ်ယဉ်ယဉ်မြတို့၏ အစ်ကိုသည် ရန်ကုန် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးတွင် ၁၅–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးရဲမင်းထွန်း
B.E (Civil)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၃၀)

ပုသိမ်မြို့၊ ရွှေဗိုလ်တပ်အတွင်းလမ်း၊ အမှတ် ၃၃ နေ (ဦးချစ်စိန်–ဒေါ်အေးကြည်)တို့၏မြေး၊ ဦးစံအေး–ဒေါ်မြကြွေတို့၏သားထွေး၊ ဦးကိုကိုနိုင်–ဒေါ်မြင့်မြင့်စန်း၊ ဦးကိုကိုအောင်–ဒေါ်နွယ်နွယ်လေး၊ ဦးသက်နိုင်မျိုးတို့၏ညီသည် ၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးဝန် (မင်းသုဝဏ်)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးဉာဏ်စိုး–ဒေါ်တင်မမ၊ ဦးထင်ကျော်–ဒေါ်စုစုလွင်၊ ဒေါ်ထားချို–ဦးကျော်ဘုန်းမြင့်တို့၏ဖခင်၊ (ဒေါ်တင်နု)၏မောင်၊ (ဦးထွန်းကြည်)၊ ဒေါ်ရင်နု(နုယဉ်)–[ဦးအုန်းဖေ(ခ)တက်တိုး]တို့၏အစ်ကိုသည် ၁၅–၈–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀ နာရီတွင် နေအိမ်(သပြေညို)၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝန် (မင်းသုဝဏ်)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ မတင်အေးစိုး၊ ကိုနေမျိုးထက်၊ ဒေါက်တာမင်းဝဏ်–ဒေါက်တာမင်းမင်းမြင့်သူ၊ ကိုတင်အောင်စိုး(ခေတ္တ–စင်ကာပူ)၊ ကိုသုဝဏ်(ခေတ္တ–စင်ကာပူ)၊ ကိုတင်ကျော်စိုး၊ မအေးနှင်းဝဏ်တို့၏အဘိုး၊ လင်းနန္ဒာထက်၊ ဖြိုးအာသာထက်တို့၏ဘေးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀ နာရီတွင် နေအိမ်(သပြေညို)၌ ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးမြစ်များ။

ဒေါက်တာမင်းစိုး(ဗိုလ်မှူး) (ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးကြင်ညွန့်–ဒေါ်ကျင်ဟုန်)တို့၏သားကြီး၊ မော်လမြိုင်မြို့၊ ရိုးဂိုးဘုရားလမ်းနေ ဒေါ်လှလှ၏ခင်ပွန်း၊မောင်မြတ်မင်းဦး၊ မသိမ့်ယဉ်မွန်တို့၏ဖခင်၊ ဒေါက်တာမေစန်း၊ ဒေါ်မြင့်ရီ၊ ဒေါက်တာရီရီသိန်း၊ ဦးမင်းဟန်–ဒေါ်ငွေးမြင့်တို့၏အစ်ကိုကြီးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစစ်နိုင် (ငြိမ်း)
B.Sc (Engg:) (Civil)
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းစိန်–ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အနောက်ပိုင်း၊ လမ်းမတော်ရပ်နေ (ဦးစိုင်လုံ–ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ခင်ပွန်း၊ မနန္ဒာလေးနိုင်–ကိုမျိုးမင်းဦး(Mariner Shipping)၊ မကေသီလေးနိုင်(Director-Man Int'l Co.,Ltd,Happy Store)–ကိုမောင်မောင်သိုး(Director-Man Int'l Co.,Ltd.)၊ မပပလေးနိုင် (Diethelm & Co., Ltd.)၊ မောင်နိုင်ရဲခေါင် [Yakiniku Daidomon (Pte.) Ltd.,(Singaproe)-Chong Wai Lee(Singapore)]တို့၏ဖခင်၊ မပွင့်ကေသီမောင်မောင်(1st Year Computer, SAE Multimedia)၊ မောင်ရန်နိုင်ဦး(ပထမတန်း–ဂ၊ အထက–၂၊ကမာရွတ်)တို့၏အဘိုးသည် ရန်ကုန် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီးတွင် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံတင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂၉(က)၊ အနီးယာလမ်းနေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ (ဦးသောင်းညွန့်)–ဒေါ်မြမြစိုး၊ ဦးသန်းထွေး–ဒေါ်မြမြစီ၊ ဦးမြင့်စိန်–ဒေါ်ညိုညိုစီ၊ ဦးစိုးဝင်း–ဒေါ်ရီရီသက်၊ ဦးခင်မောင် – ဒေါ်မြမြသောင်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၈–၂၀၀၄ ရက်(တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးဘသောင်း (မြိတ်)
အထက်တန်းလေယာဉ်မောင်(ငြိမ်း)
B.A.C
အသက်(၈၅)နှစ်

မြိတ်မြို့နေ(ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းလင်း–ဒေါ်ဖော့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်၄၁၊ ၈၈ လမ်း၊ ခြောက်လွှာ(ယာ)နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ဦးသောင်းထွန်း (ဆလရ၊ ပင်မအလုပ်ရုံ–တောင်ရွာမ)၊ ဦးမောင်မောင်–ဒေါ်ခင်သောင်းကြည်(B.A.C၊ ငြိမ်း)၊ ဦးဇော်ဝင်း–ဒေါ်ကြည်ကြည်သောင်း(စာရင်းစစ်မှူး၊ ခရမ်းမြို့နယ်)၊ ဦးဇော်ထွန်း၊ ဦးဇော်မင်း (သျှားသျှား)၊ဦးဇော်သောင်း(ဂျက်ကီ)–ဒေါ်သီတာ၊ ကိုဇော်တိုး၊ ဦးတင်လှိုင်–ဒေါ်ကြည်ကြည်မာ၊ (ကိုမောင်မောင်ဇော်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည်၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်း
တပ်မတော်–လေ(ငြိမ်း)
အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ သာလှပင်စည်ရွာနေ (ဦးဟန်သာ)–ဒေါ်ကြင်တို့၏သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၁၂ နေ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးမြစိုး (ဒုရဲအုပ်၊ ကော့သောင်း)–မလဲ့လဲ့မိုး၊ ဦးငွေအောင်–ဒေါ်မိငယ်(ခ)မစိုးစိုးရီ၊ တပ်ကြပ် ညီညီထွန်း(တပ်မတော်–လေ) – မခင်သိန်းဝင်း၊ တပ်ကြပ်မြတ်ထွန်းအောင် (တပ်မတော်–လေ) – မနွယ်နွယ်ဝင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဦးပညာ(ခ) ဦးချစ်စရာ (သူရဲသမိန်)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၄)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန် ကျေးရွာနေ(ခမည်းတော် ဦးမျိုးညွှန့်–မယ်တော် ဒေါ်အေးခင်)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ဣစိတံအိမ်ရာ၊ တိုက်အမှတ် SH (၂)၊ အခန်းအမှတ် ၃၀၅ နေ ဒေါ်တင်နု၊(ဒေါ်တင်ဥ)၊ (ဒေါ်တင်ပု)တို့၏မောင်၊ (ဒေါ်ဝင်းသီ)၏အစ်ကို၊ ဦးလှသိန်း[ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း)–ဒေါ်မာလာမျိုးစိန်၊ဦးမြင့်စိုး–ဒေါ်စန်းစန်း၊ (ဦးလှထွဋ်)–ဒေါ်ချိုအေးတို့၏ဖခင်၊ (ဒေါ်ကြီးမြင့်)၏ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက်(စနေနေ့)ည ၁၁း၃၀ နာရီတွင်ဗဟိုရိစည်ဆေးခန်း၌ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဃ်န်းကျွန်း၊ ဣစိတံအိမ်ရာနေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တိပိဋကမဇ္ဈိမရက္ခိတအဖွဲ့နာယက
ဦးကျော်ငြိမ်း
(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)
အသက်(၉၃)နှစ်

(ဒေါ်ခင်အိ)၏ခင်ပွန်း၊ ရန်ကုန်မြို့ ရေကျော်၊ ဦးဝိစ္ဆာလမ်း၊ အမှတ် ၁၈ နေ ဦးမျိုးချစ်–ဒေါ်အေးသန်း၊ ဦးမျိုးလှ–ဒေါ်အောင်ကြည်၊ ဦးလှကြည်–ဒေါ်နွဲ့ရီတို့၏အစ်ကို၊ ဦးတင်မောင်ဝင်း–ဒေါ်နုနုလွင်၊ ဒေါက်တာခင်ဇော်–ဒေါ်ယုယုမော်တို့၏အဘိုးသည် ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ရဟန်းအမကြီး
ဒေါ်မြိုင် (ဝက်လက်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဓမ္မပိယရိပ်သာ ဆရာတော်၏မယ်တော်၊ စစ်ကိုင်းတိုင်း၊ဝက်လက်မြို့နယ်၊တခေါင်း ဒေါင့်ရွာ (ဦးခေတ်)၏ဇနီး၊ ဦးအောင်ရွှေ–ဒေါ်စောအေး၊ ဦးအောင်ဝင်း–ဒေါ်အုန်းငွေ၊ ဒေါ်ဝင်းစိန်၊ ဦးသန်းမောင်–ဒေါ်ဝင်းမေ၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၁၇–၈–၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ဓမ္မပိယရိပ်သာမှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း(ခ) တန်စိန်လှိုင်(ခ)တန်လှိုင်စိန်
အသက်(၇၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၆၉၁(ပထမထပ်)၊ မဟာဗန္ဓုလလမ်းနေ ဒေါ်ခင်အေးမြင့်(ခ)လင်ပိုးချွန်း၏ခင်ပွန်း၊ ကိုထွေးလွင်(ခ)ကိုလင်းလင်း–မအေးအေးမြင့်၊ ကိုသန်းထွန်း–မမြင့်မြင့်၊ မအေးအေးလှိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက်(စနေနေ့)နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမင်းသူရ
ကြည်း–၃၁၀၈၁ တဇ(၂၆)
အသက်(၂၈)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်နေ တပ်ကြပ်လှစိုး–ဒေါ်ခင်ဆင့်တို့၏သား၊ ဦးထွန်းကြိုင်–ဒေါ်ခင်ခင်ဆွေတို့၏သားသမက်၊ မလင်းလင်းစိုး၏မောင်၊ မခင်စန္ဒာစိုး၏အစ်ကို၊ မခင်နီလာထွန်း၏ခင်ပွန်းသည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ လက္ခဏ (အင်္ဂပူ၊ ကံရွာ)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ သီရိမင်္ဂလာရန်အောင်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ လက္ခဏသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၁–၈–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ ည ၁၁း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၇–၈–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ဈာပနကျင်းပရေးကော်မတီ။

ဦးသန်းညွှန့် (သူရဲသမိန်)
အသက်(၉၀)

(ဦးညိုမြ–ဒေါ်အေးလှိုင်)တို့၏သားကြီး၊ (ဆရာမကြီးဒေါ်နှင်းညွှန့်)၏ခင်ပွန်း၊ သိမ်ဖြူလမ်းနေ ဒေါ်မမကြီး၏အစ်ကိုကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၂၂ နေ ဦးညွှန့်အောင်(ဦးစီးအရာရှိ၊ ငြိမ်း၊ ကုန်သွယ်ရေးဦးစီး)–ဒေါ်လှလှဝင်း (ဦးစီးအရာရှိ၊ ငြိမ်း၊ ကုန်သွယ်ရေးဦးစီး)၊ ဦးဝင်းညွှန့်(လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်မြင့်မြင့်အေး၊ ဦးသူရ (လက်ထောက်ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဒေါ်ညွှန့်ညွှန့်ခင်(ကထိက၊ငြိမ်း၊ မြန်မာစာဌာန) (ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဝက်ပါ)၊ (ဦးသက်ညွှန့်၊ စက်မှု–၁)–ဒေါ်တင်တင်အေး (အထက–၂၊ ဗဟန်း)၊တို့၏ဖခင်၊ မဝင်းမာအေး(လက်ထောက်ကထိက၊ ဒဂုံတက္ကသိုလ်)၊ မောင်သက်နိုင်ဝင်း(Sun Tac ;Tech;)၊ မောင်ထိန်လင်း(ခေတ္တ–စင်ကာပူ)၊ မနှင်းဝေလှိုင်(Myanmar PLG Co.)၊ မောင်ဖြိုးဝေညွှန့်(မြန်မာ့ဆိပ် ကမ်းအာဏာပိုင်)တို့၏အဘိုးသည် အမှတ် ၂၂၊ စိန်ခြယ်လမ်းနေအိမ်၌ ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ထွေး (ဘုရားကြီးကုန်း၊ ချောင်းဆုံမြို့)
အသက်(၈၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်စံမိုင်းမုကျေးရွာနေ(ဦးဘဇံ–ဒေါ်အောက်လွယ်ဟိန်းစိန်)တို့၏သမီး၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့၊ ဘုရားကြီးကုန်းကျေးရွာနေ (ဦးဘချစ်–ဒေါ်ကွန်မေ)တို့၏သမီးချွေးမ၊ (ဦးသစ်စိန်၊ ကျန်းမာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးတိလောက(ဦးတင်အောင်မြင့်)–ဒေါ်စိန်ရင်၊ ဦးငွေခြည်–(ဒေါ်ဖြူဖြူဝင်း)၊ ဒေါက်တာခင်မောင်ညို–ဒေါ်ရင်ရင်တင်အုံး၊ ဦးလှဝင်း (မင်္ဂလာဒုံ)–ဒေါ်ခင်လေးဝါ၊ ဦးစိမ်းနွယ်–ဒေါ်မေဥမ္မာ၊ ဦးလှဝင်း(မင်္ဂလာဈေး)–ဒေါ်ခင်မိုးပြာတို့၏မိခင်၊ မြေး ၁၆ ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ အိမ်အမှတ် ၄၂(သုံးထပ်)နေအိမ်တွင် ၁၄–၈–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ ၁၂၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးဘသောင်း (မြိတ်)
အထက်တန်းလေယာဉ်မောင်(ငြိမ်း)
B.A.C
အသက်(၈၅)နှစ်

မြိတ်မြို့နေ (ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းလင်း–ဒေါ်ဖော့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်၄၁၊ ၈၈ လမ်း (ခြောက်လွှာ–ယာ)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ မသဥ္ဇာမောင် (Myanmar Zentsu Co.,Ltd.)၊ မောင်နေမျိုးမောင်၊ မမေနှင်းမောင်(Hotel Nikko)၊ မောင်ကျော်မျိုးမောင်၊ မောင်ထွန်းမင်းလတ်၊ မောင်ကျော်စိုးထွန်း၊မောင်တင်ဇော်အောင်၊ မသက်နွယ်တင်တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

နတ်မောက်မြို့နယ်အသင်း
ဦးကျော်သန်း(ခ)ဘကျော်သန်း ဆင်သေကန်ရွာ(နတ်မောက်)
အသက်(၆၈)နှစ်

နတ်မောက်မြို့နယ်၊ ဆင်သေကန်ရွာနေ(ဦးလှကြီး–ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ သာစုကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၏ညီ၊ အမှတ် ၁/က၊ရန်ပြေ ၁၈လမ်းအနောက်၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးကျော်သန်း(ခ)ဘကျော်သန်းသည် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသဖြင့် နတ်မောက်မြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထန်ရှောင် (အထောင်)
အသက်(၉၂)နှစ်

ကျုံပျော်မြို့နယ်၊ အထောင်မြို့နေ ဦးရှင်ဟင်း–(ဒေါ်ရင်ငွေး)၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးကျင်စိန်–ဒေါ်ကျင်စု၊ ဦးဟန်စိန်–ဒေါ်ယဉ်ကြည်တို့၏ဖခင်၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သံဃာ့တက္ကသိုလ်၊ ၃ လမ်း၊ ခြံအမှတ် ၆ နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စိန်သန်း(ခ)ဒေါ်ဦးဇွန်း (ဆကကြီး)
အသက်(၇၄)နှစ်

စမ်းချောင်းမြို့နယ်၊လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် ၂၃နေ (ဦးအောင်သိန်း)၏ဇနီး၊ ဦးသန်းဦး၊ ဒေါ်သန်းသန်းထွေး၊ ဦးသန်းညိမ်း–ဒေါ်ရီရီမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်သန်းမြင့်၊ ဦးနိုင်ဝင်း–ဒေါ်နှင်းနှိုင်၊ ဦးသူရတို့၏မိခင်၊ မြေးတစ်ယောက်၏အဘွားသည် ၁၄–၈–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (သက္ကလ)
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သက္ကလ ကျေးရွာ၊ ဈေးပိုင်းနေ (ဦးအုန်းကျော်)၏ဇနီး၊ ဒေါ်ခင်ဆန်းယဉ်၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဝင်းထိန်–ဒေါ်နန်းမြအေး၊ ဒေါ်အေးအေးသိန်း၊ ဒေါ်သန်းသန်းဆွေ၊ ကိုမင်းအောင်–မစိုးစိုးလှိုင်၊ ကိုအောင်သက်ဆွေ – မခင်မျိုးသက်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက်တွင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်း နိုင်ငံတော်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများတင်ပြ

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်စောင်းတန်း မဟာဗုဒ္ဓဝင်ပြခန်း ရှေ့မျက်နှာစာရှိ အောင်မင်းအောင်စေတီ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆင့်မြင့် မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မင်္ဂလာဒုံမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၂တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာစာသင်တိုက် ဓမ္မသိဒ္ဓိကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ဩဂုတ် ၁၄ ရက်က တောင်တွင်းကြီးမြို့နယ် ဗိသနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိသော ပျူခေတ် ယဉ်ကျေးမှု ငွေဒင်္ဂါးများ၊ ပုတီးစေ့များ၊ မြေအိုးများ၊ အိုးခြမ်းကွဲများ၊ အိုးနှုတ်ခမ်းရုပ်ကြွင့်ကျက်ရုပ်ပါ မြေအိုးစသည့် ပျူခေတ် အနုပညာလက်ရာများကို တွေ့ရစဉ်။ (သတင်း–၅) (သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စက်ရုပ်ယှဉ်ပြိုင်ပွဲ

ဂျပန်နိုင်ငံတိုကျိုမြို့၏ အနောက်တောင်ဘက်ရှိ ကာဝါဆာကီမြို့တွင် ခြောက်ကြိမ်မြောက် စက်ရုပ်ယှဉ်ပြိုင်ပွဲကို ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည်။ ဂျပန်နှင့် တောင်ကိုရီးယားမှ စက်ရုပ်တီထွင်သော ဝါသနာရှင်များ ပြုလုပ်သည့်စက်ရုပ် ၉၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(အောက်ပုံ)မှာ တောင်ကိုရီးယားမှ ကျင်ယောင်ဆူ တီထွင်ထားသောစက်ရုပ်(အလယ်)နှင့် ဂျပန်မှ ယိုကိုဇူနာဂရိတ်ရှိရာနူအီတို့၏စက်ရုပ်များ ယှဉ်ပြိုင်တိုက်ခိုက်နေကြပုံဖြစ်သည်။ **(ဓာတ်ပုံ–အင်တာနက်)**



ချာလီဟာရီကိန်းမုန်တိုင်း

(အပေါ်ပုံ)မှာ ဖလော်ရီဒါပြည်နယ် ဖို့စ်မိုင်ယာရှိ ဆန်တီဘဲလ်ကျွန်းအနီးသို့ ဩဂုတ် ၁၂ ရက်က ချဉ်းကပ်ရောက်ရှိလာသော ချာလီအမည်ရှိ ဟာရီကိန်းမုန်တိုင်း မဏ္ဍစီကို ပင်လယ်ကွေ့ပေါ်တွင် အားယူဖွဲ့စည်းနေပုံ ဖြစ်သည်။ **(ဓာတ်ပုံ–အင်တာနက်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး